မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၇ရက်၊ ၂၀၁၀ ခုနှစ်၊ ဩဂုတ် ၂ရက်၊ တနင်္လာနေ့၊ အတွဲ(၄၉)၊ အမှတ်(၃၀၁)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

Bio-Tech ဆေးဝါးထုတ်လုပ်ရေးစက်ရုံ၊ Hi-Tech City နှင့် TA TA Industry Company တို့၏ လုပ်ငန်းဆောင်ရွက်မှု ကြည့်ရှုလေ့လာ

နေပြည်တော် ဩဂုတ် ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့မှ Hyderabad မြို့သို့ ဆက်လက်ထွက်ခွာရန် ဇူလိုင် ၂၈ရက် နံနက်ပိုင်းတွင် ခေတ္တတည်းခိုသည့် ဟိုတယ်မှ နယူးဒေလီမြို့ Palam လေတပ်စခန်းဌာနချုပ်သို့ ရောက်ရှိကြသည်။

ပို့ဆောင်နှုတ်ဆက်

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များအား Minister of State, Mrs. Preneef Kqur နှင့် တာဝန်ရှိသူများက Palam လေတပ်စခန်းဌာနချုပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီး၊ ဇနီးနှင့် အဖွဲ့ဝင်များသည် နံနက် ၉နာရီ ၅မိနစ်တွင် အိန္ဒိယလေကြောင်းလိုင်း အထူးလေယာဉ်ဖြင့် ထွက်ခွာလာပြီး Andhra Pradesh ပြည်နယ် Hyderabad မြို့သို့ ရောက်ရှိကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✱

ကုန်တင်ယာဉ်ထုတ်လုပ်မှုစက်ရုံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ TA TA Motors Ltd. ၏ ကုန်တင်ယာဉ်ထုတ်လုပ်မှုစက်ရုံတွင် ကြည့်ရှုလေ့လာစဉ်။
(သတင်းစဉ်)

TA TA Motors Ltd. မှ ထုတ်လုပ်သည့် မော်တော်ယာဉ်များကို တွေ့ရစဉ်။ (သတင်းစဉ်)

2-8 (01).pmd 1 8/2/2010, 3:42 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဩဂုတ် ၂ ရက်)

ရုပ်ရှင်အနုပညာစွမ်းပကားဖြင့် ပြည်သူ့အကျိုး သယ်ပိုးဖော်ဆောင်

ရုပ်ရှင်အနုပညာသည် ဖျော်ဖြေရေးအတွက်သာမက ပြည်သူများကို အသိပညာပေးရာတွင်လည်း ထိရောက်သော စွမ်းပကားရှိသည်။ အထူးသဖြင့် လူငယ်များ၏စိတ်ပိုင်းဆိုင်ရာမြှင့်တင်ပေးနိုင်မှု၊ ပြောင်းလဲပေးနိုင်မှုနှင့် စိတ်ဓာတ်ခွန်အားမြင့်မားစေမှုတို့အတွက် ရုပ်ရှင်အနုပညာရပ်က ဖြည့်ဆည်း စွမ်းဆောင်ပေးနိုင်သည်။

မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်ကပင် ပြည်သူများအတွက် အကျိုးသက်ရောက်မှု ပေးနိုင်ခဲ့သည့် ရုပ်ရှင်အနုပညာ၏ အခန်းကဏ္ဍကို နိုင်ငံတော်အစိုးရက မြှင့်တင်ပေးခဲ့သည်။

သိပ္ပံနှင့်နည်းပညာများ တိုးတက်ပြောင်းလဲလာသကဲ့သို့ စက်ပစ္စည်းကိရိယာ အသစ်အဆန်းများဖြင့် အသုံးပြု ရိုက်ကူးထုတ်လုပ်နိုင်ခြင်းကြောင့် ရုပ်ရှင်အဆင့်အတန်းသည် အဆင့်ဆင့် တိုးတက်မြင့်မားလာခဲ့သည်။

ရုပ်ရှင်လောကဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရာ၌ ဈေးကွက်ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ရန် ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်ကိုပါ ထိုးဖောက်နိုင်ရေး ကြိုးပမ်းသွားကြရမည်ဖြစ်သည်။ မြန်မာ့ရုပ်ရှင်သည် ပြည်ပနှင့် အဆင့်အတန်း အရည်အသွေးယှဉ်ပြိုင်နိုင်သော ဇာတ်အိမ် ဇာတ်လမ်းခိုင်မာပြီး သရုပ်ဆောင်အရည်အသွေးကောင်းမွန်ရန်၊ အရုပ်၊ အသံ၊ အရည်အသွေးကောင်းမွန်ရန်၊ ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှု နိုင်ငံတကာအဆင့်မီရန် ကြိုးပမ်းသွားကြရမည်ဖြစ်သည်။ သို့မှသာ ရုပ်ရှင်ကြည့်ပရိသတ်များက မြန်မာ့ရုပ်ရှင်အပေါ် ယခုထက်ပိုမိုအလေးထား ကြည့်ရှု အားပေးလာကြမည်ဖြစ်သည်။

ရုပ်ရှင်အနုပညာရှင်များ၊ အတတ်ပညာရှင်များသည် လွတ်လပ်ရေးကြိုးပမ်းမှု၊ လွတ်လပ်ရေးထိန်းသိမ်း ကာကွယ်စောင့်ရှောက်မှုများ၌ တက်ကြွစွာပါဝင်ခဲ့ကြရာ ယနေ့ရုပ်ရှင်လောကသားများသည်လည်း နိုင်ငံတော်၏ လွတ်လပ်ရေးကြီးအခွန့်ရှည်တည်တံ့၍ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားကြရမည်ဖြစ်သည်။

ရုပ်ရှင်အနုပညာသည် ဖျော်ဖြေရေးသာမက ပြည်သူများ၊ လူငယ်လူရွယ်များ၏ ဝတ်စားဆင်ယင်မှု၊ ယဉ်ကျေးမှုနှင့် စိတ်ဓာတ်ရေးရာ ဖွံ့ဖြိုးမှု စသည်တို့ကိုပါ ဆွဲဆောင်ပြုပြင်နိုင်စွမ်းရှိရာ ရုပ်ရှင်လောကသားများအနေဖြင့် နိုင်ငံအကျိုးနှင့် ပြည်သူတို့၏အကျိုးကို ရှေးရှုလျက် မြန်မာ့ရုပ်ရှင်အဆင့်အတန်း ပိုမိုမြင့်မားရေးအတွက် ဆက်လက်ကြိုးပမ်းသွားကြရန် ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂-၈-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၂၀	၃။	အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိ ထမ်းဆောင်ဝန်တာ သာသနာရေးရာ အဖြာဖြာ
၇း၂၅	၄။	ဓမ္မပူဇာတေး
၇း၃၀	၅။	မျိုးချစ်တပ်မတော်
၇း၃၅	၆။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၄၀	၇။	မြန်မာသံစဉ် ချိုနားဝင်
၇း၄၅	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀	၉။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	အမျိုးသားရေးတေးကဗျာ
၄း၂၅	၄။	ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၃၅	၅။	မျိုးချစ်တပ်မတော်
၄း၄၅	၆။	စိုက်ပျိုးသုတ
၄း၅၅	၇။	မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၂၀	၈။	ဗွီစီဒီကျော်ကြားတေးများ
၅း၃၀	၉။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မိုးသောက်ကြယ်** (အပိုင်း-၅)
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၂၀	၁၂။	လှျပ်တစ်ပြက်
၆း၄၀	၁၃။	သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်နှစ်သည်းချာ** (အပိုင်း-၅၄)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	နိုင်ငံတကာသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	Talk of the Town
	၂၀။	မေးမြန်းစူးစမ်း
	၂၁။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၂။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တိမ်လွှာကြားက သိုင်းသမား** (အပိုင်း-၁)
	၂၄။	Mini Series (အပိုင်း-၁)

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်ထံ အလှူရှင် ရန်ကုန်မြို့ သံလွင်လမ်း ဗဟန်းမြို့နယ်နေ ဦးတင်စိန်-သီရိသုဓမ္မသီဂီဒေါ်ကျင်သိန်းမိသားစုက ဗုဒ္ဓဓမ္မစင်တာတွင် အသုံးပြုမည့် ပလ္လင်တော်နှင့်ပရိဘောဂများ ပြုလုပ်ရန်အတွက် ငွေကျပ် သိန်း ၁၈၀နှင့် နယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓသာသနာပြု သင်တန်းကျောင်း ဇမ္ဗူသီရိဗိမာန်တော်တွင် အသုံးပြုမည့် မီးစက်ဝယ်ယူရန် ငွေကျပ်သိန်း ၅၀ စုစုပေါင်း ငွေကျပ် သိန်း ၂၃၀ကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဗုဒ္ဓဓမ္မစင်တာနှင့် ထေရဝါဒ ဗုဒ္ဓသာသနာပြု သင်တန်းကျောင်းတို့အတွက် အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁

ပုဂံရေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဗုဒ္ဓဓမ္မစင်တာနှင့် ရန်ကုန်မြို့ရှိ နယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓသာသနာပြု သင်တန်းကျောင်းတို့အတွက် အလှူငွေပေးအပ်ပွဲကို ယမန်နေ့ မွန်းလွဲ ၂နာရီခွဲက ရန်ကုန်မြို့ရှိ သာသနာရေးဝန်ကြီးဌာန (ရန်ကုန်ရုံးခွဲ)ဝန်ကြီး၏ ဧည့်ခန်းမ၌ ကျင်းပသည်။

အလှူငွေပေးအပ်ပွဲတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်ထံ အလှူရှင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းနေ ဦးတင်စိန်-သီရိသုဓမ္မသီဂီ ဒေါ်ကျင်သိန်းမိသားစုက ဗုဒ္ဓဓမ္မစင်တာတွင် အသုံးပြုမည့် ပလ္လင်တော်နှင့် ပရိဘောဂများ ပြုလုပ်ရန် ငွေကျပ်သိန်း ၁၈၀နှင့် နယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓသာသနာပြုသင်တန်းကျောင်း ဇမ္ဗူသီရိဗိမာန်တော်တွင် အသုံးပြုမည့် မီးစက်ဝယ်ယူရန် ငွေကျပ်သိန်း ၅၀ စုစုပေါင်း ငွေကျပ် သိန်း ၂၃၀ကို ပေးအပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ခြင်ဆေးဖျန်း

စစ်တွေမြို့၌ သွေးလွန်တုပ်ကွေး ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်းကို စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့်အဖွဲ့၊ ကျန်းမာရေးမှူး(၂) ဦးတင်မောင်ရှိန်နှင့် ဝန်ထမ်းများ ပူးပေါင်း၍ ဇူလိုင် ၂၇ရက်က မြို့မဈေးကြီးအတွင်း ကွင်းဆင်းဆောင်ရွက်စဉ်။

(မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ လှိုင်သာယာမြို့နယ် ရွှေလင်ပန်းကျေးရွာ၌ကျင်းပ

ရန်ကုန် ဩဂုတ် ၁

လှိုင်သာယာမြို့နယ် ရွှေလင်ပန်းကျေးရွာ ရွှေလဝန်းကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲကို အဆိုပါ စာကြည့်တိုက်၌ ဇူလိုင် ၂၀ရက် နံနက် ၉နာရီခွဲကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအေးမြင့်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစန်းအေးနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးဇော်မင်းလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ရှင်းလင်းပြောကြား

ထို့နောက် မြို့နယ်အတွင်းရေးမှူး ဦးအေးမြင့်က အမှာစကား ပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးစန်းအေးက ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် စံ(၅)ရပ်အကြောင်းကို ရှင်းလင်းပြောကြားပြီး ကျေးရွာစာကြည့်တိုက်အတွက် ငွေကျပ် ၅၀၀၀၀တန်ဖိုးရှိ သုတ၊ရသ စာအုပ်များလှူဒါန်းသည်။ ထို့နောက် တက်ရောက်လာကြသူများက နံရံကပ်ဓာတ်ပုံ ပိုစတာများကို လှည့်လည်ကြည့်ရှုကြသည်။

(မြို့နယ် ပြန်/ဆက်)

ကြိုဆို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး နေအိမ်၌ သံအမတ်ကြီး ဦးကြည်သိန်းနှင့် ဇနီး၊ စစ်သံမှူးဗိုလ်မှူးကြီးနေဝင်းနှင့်ဇနီး၊ သံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများ၊ နယူးဒေလီမြို့ရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် မြန်မာနိုင်ငံမှ ဆရာဝန်ကြီးများနှင့် နယူးဒေလီမြို့၌ ပညာသင်ကြားလျက်ရှိသည့် သင်တန်းသားများက ကြိုဆိုကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် ဇနီးတို့က ဂါရဝပြုညစာဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဩဂုတ် ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဇူလိုင် ၂၆ရက် ညပိုင်းတွင် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးကြည်သိန်းနှင့် ဇနီးတို့က သံအမတ်ကြီးနေအိမ်၌ ဂါရဝပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး၊ စစ်သံမှူး၊ သံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများ၊ ဆရာဝန်ကြီးများ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ကြိုဆို

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည် ည ၈နာရီ ၄၅မိနစ်တွင် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီးနေအိမ်သို့ရောက်ရှိကြရာ သံအမတ်ကြီး ဦးကြည်သိန်းနှင့်ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီးနေဝင်းနှင့် ဇနီး၊ သံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများ၊ နယူးဒေလီမြို့ရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် မြန်မာနိုင်ငံမှဆရာဝန်ကြီးများနှင့် နယူးဒေလီမြို့၌ ပညာသင်ကြားလျက်ရှိသည့် သင်တန်းသားများက ကြိုဆိုကြသည်။

တွေ့ဆုံ

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများသည် သံအမတ်ကြီး၊ စစ်သံမှူး၊ သံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများ၊ ဆရာဝန်ကြီးများ၊ ပညာတော်သင် သင်တန်းသားများအား နေအိမ်ခန်းမဆောင်၌ တွေ့ဆုံသည်။

ရှင်းလင်းပြောကြား

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက နိုင်ငံတော်အကြီးအကဲဦးဆောင်၍ အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် လာရောက်ရသည့် ရည်ရွယ်ချက်၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများ၊ သံတမန်ဝန်ထမ်းများအနေဖြင့် ရှိရင်းစွဲ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးတက်ခိုင်မြဲရေးအတွက် အလေးထားဆောင်ရွက်ကြရေး၊ ပြည်ပသို့ရောက်ရှိနေကြသည့် မိမိနိုင်ငံသားများအား ကူညီစောင့်ရှောက်ရေးနှင့် မြန်မာနိုင်ငံ၏ လက်ရှိ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် အတွင်းရေးမှူး(၁)က သံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် ပညာတော်သင် သင်တန်းသားများအတွက် နိုင်ငံတော်မှ ချီးမြှင့်ငွေများကို သံအမတ်ကြီး၊စစ်သံမှူးနှင့် သင်တန်းသားကိုယ်စားလှယ်တစ်ဦးတို့အား ပေးအပ်ပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဂါရဝပြုကန်တော့

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား သံအမတ်ကြီးနှင့်ဇနီး၊ စစ်သံမှူးနှင့် ဇနီး၊ သံရုံးနှင့် စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများ၊ ပညာတော်သင် သင်တန်းသားများက မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ ဂါရဝပြုကန်တော့ကြသည်။

ဩဝါဒစကားပြောကြား

ထို့နောက် ဗိုလ်ချုပ်မှူးကြီးက သံရုံးနှင့် စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ဩဝါဒစကား ပြောကြားသည်။

တည်ခင်းဧည့်ခံ

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များအား သံအမတ်ကြီးနှင့်ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြသည်။

(သတင်းစဉ်)

ဗလငါးတန် ဖွံ့ဖြိုးဖို့

စာအုပ်စာပေ လေ့လာစို့

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင် နယူးဒေလီမြို့ရှိ Akshardham Temple ကို သွားရောက်၍ အနုပညာလက်ရာများအား လှည့်လည်ကြည့်ရှု

နေပြည်တော် ဩဂုတ် ၁

အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဇူလိုင် ၂၇ရက် နံနက် ၁၁နာရီတွင် နယူးဒေလီမြို့ရှိ Akshardham Temple ကို သွားရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် Akshardham Temple သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုကြပြီး ဘုရားကျောင်း၏ သမိုင်းကြောင်းနှင့် တည်ဆောက်ထားသော အနုပညာ လက်ရာများအကြောင်းကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များအား ဘုရားကျောင်းမှ တာဝန်ရှိသူများက ယဉ်ကျေးမှုအစဉ်အလာများနှင့်အညီ ထပ်မံကြိုဆိုကြပြီးနောက် ဘုရားကျောင်းတော်အတွင်းသို့ ဖိတ်ခေါ်ပြသကြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုနှင့် ဟိန္ဒူဘာသာရေး၏ အမွေအနှစ်ဖြစ်သော ကျောက်သားပေါ်တွင် ရုပ်လုံးဖော်တည်ဆောက်ထားသည့် အနုပညာလက်ရာများ၊ ပန်းချီကားများနှင့် ရုပ်တုများအား လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီး၏ဇနီး ဒေါ်ကြိုင်ကြိုင်က ဘုရားကျောင်းအတွက် အလှူငွေများကို တာဝန်ရှိသူများအား ပေးအပ်သည်။

(သတင်းစဉ်)

အလှူငွေများပေးအပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် နယူးဒေလီမြို့ရှိ Akshardham Temple အတွက် အလှူငွေများကို ပေးအပ်စဉ်။

(သတင်းစဉ်)

အိန္ဒိယသမ္မတနိုင်ငံချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါကြသည့် အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ သက်ဆိုင်ရာလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်ဇနီး၏ အိန္ဒိယသမ္မတနိုင်ငံချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါခဲ့ကြသည့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများသည် ခရီးစဉ်အတွင်း မိမိတို့နှင့် သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဆွေးနွေး

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌဦးဝင်းမြင့် ဦးဆောင်သော မြန်မာနိုင်ငံကုန်သည်လုပ်ငန်းရှင်များအဖွဲ့နှင့် အိန္ဒိယကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များ တွေ့ဆုံ ဆွေးနွေးကြစဉ်။ (သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်းနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းတို့သည် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးညီဖြူလှ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၂၇ရက် နံနက် ၁၁နာရီတွင် နယူးဒေလီမြို့ရှိ အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး၌ ယင်းအသင်းချုပ်ဥက္ကဋ္ဌ မစ္စတာ ရာဂျန်ဘာရ်တီ မစ်တာလ်၊ အိန္ဒိယသမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန တွဲဖက်အတွင်းဝန် မစ္စတာ ဆူမန်ကာချောင်ဒရီ၊ အသင်းချုပ်လက်ထောက်အထွေထွေအတွင်းရေးမှူး ဒေါက်တာ မန်ဂျူး ပရာကတ်ရှ်တို့နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ ကုန်သွယ်မှုတိုးမြှင့်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဆက်လက်၍ ဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့် ဦးဆောင်သော မြန်မာနိုင်ငံကုန်သည် လုပ်ငန်းရှင်များ အဖွဲ့နှင့်အတူ ယင်းအသင်းချုပ်ရုံး၌ ကျင်းပသည့် မြန်မာ-အိန္ဒိယ စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး အိန္ဒိယကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံကုန်သွယ်မှု တိုးမြှင့်ရေး၊ အိန္ဒိယနိုင်ငံမှ စီးပွားရေးနှင့် စက်မှုလုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

လက်မှတ်ရေးထိုး

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် မြန်မာနိုင်ငံ ရထားပို့ဆောင်ရေး စီမံကိန်းအတွက် အိန္ဒိယအစိုးရ၏ ချေးငွေ သဘောတူညီချက်လက်မှတ်ရေးထိုးပွဲကို ဆက်လက်ကျင်းပရာ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးညီဖြူလှနှင့် အိန္ဒိယနိုင်ငံ ပို့ကုန်သွင်းကုန်ဘဏ် ဥက္ကဋ္ဌနှင့် ဦးဆောင်ညွှန်ကြားရေးမှူး မစ္စတာ တီ၊ စီ၊ အေ၊ ရာဂါနာသန်တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

အလားတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်သည် ဇူလိုင် ၂၇ရက် နံနက် ၁၁နာရီတွင် နယူးဒေလီမြို့ရှိ I T C Maurya Hotel ၌ Vihann Network Limited India မှ ဥက္ကဋ္ဌ Mr. Rajiv Mehrotra နှင့် ဒုတိယဥက္ကဋ္ဌ (Marketing) Mr.NK Mohapatra တို့ကိုလည်းကောင်း၊ မွန်းလွဲ ၁၂နာရီ ၄၅မိနစ်တွင် Telecommunication Consultants India Limited မှ ဥက္ကဋ္ဌနှင့် အုပ်ချုပ်မှုဒါရိုက်တာ Mr. Rakesh K Upadhyay နှင့် အထွေထွေမန်နေဂျာ Mr. Nirmal Kumat Jain တို့ကိုလည်းကောင်း၊ မွန်းလွဲ ၂နာရီ ၁၅ မိနစ်တွင် Bhati Air Tel Limited မှ အမှုဆောင်အရာရှိချုပ် Mr. Sanjay Kapoor နှင့် ညွှန်ကြားရေးမှူး Mr. Narender Gupta တို့ကိုလည်းကောင်း အသီးသီးလက်ခံတွေ့ဆုံ၍ ဆက်သွယ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

အလားတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာကြသည့် အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းသည် ဇူလိုင် ၂၇ရက် မွန်းလွဲ ၁၂နာရီခွဲတွင် နယူးဒေလီမြို့ ITC Maurya Hotel ၌ Hindustan Machine Tools International အဖွဲ့နှင့်လည်းကောင်း၊ မွန်းလွဲ ၁နာရီတွင် TA TA Motor Ltd. မှ တာဝန်ရှိသူများနှင့် လည်းကောင်း တွေ့ဆုံ၍ စက်မှုကဏ္ဍပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ရထားပို့ဆောင်ရေးစီမံကိန်းအတွက် အိန္ဒိယအစိုးရ၏ ချေးငွေသဘောတူညီချက် လက်မှတ်ရေးထိုးပွဲတွင် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးညီဖြူလှနှင့် အိန္ဒိယနိုင်ငံ ပို့ကုန်သွင်းကုန်ဘဏ်ဥက္ကဋ္ဌနှင့် ဦးဆောင်ညွှန်ကြားရေးမှူး မစ္စတာ တီ၊ စီ၊ အေ၊ ရာဂါနာသန်တို့ လက်မှတ် ရေးထိုးကြစဉ်။ (သတင်းစဉ်)

နေပြည်တော်ပျဉ်းမနားမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်၊ သီလရှင်စာသင်တိုက်များနှင့် ဘိုးဘွားရိပ်သာတို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်လှူဒါန်း

နေပြည်တော် ဩဂုတ် ၁

နေပြည်တော်ပျဉ်းမနားမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၁၃ တိုက်၊ သီလရှင်စာသင်တိုက်သုံးတိုက်နှင့် ဘိုးဘွားရိပ်သာ တစ်ဌာနတို့သို့ တပ်မတော်(ကြည်း၊ ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် နေပြည်တော်ပျဉ်းမနားမြို့နယ် ရွာကောက်ရပ်ကွက်ရှိ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက်၌ ကျင်းပရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင် တက်ရောက်ကြည်ညို၍ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညို

အဆိုပါ အခမ်းအနားသို့ ကျောင်းတိုက်ဦးစီးပဓာန နာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ အမှူးပြုတော်မူသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်၊ စေတနာရှင်ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်၊ တိုင်းမှူးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများက ဆရာတော်၊ သံဃာတော်များထံ သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ပဲတို့ကို တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် တပ်မတော်အရာရှိကြီးများက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဝန်ကြီးဌာနများ၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ကုမ္ပဏီအဖွဲ့အစည်းအသီးသီး အပါအဝင် စေတနာရှင်အလှူရှင်တို့က ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ပဲတို့ကိုလည်းကောင်း၊ ဆွမ်းပဒေသာပင်အလှူငွေများကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်၊ တိုင်းမှူး၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ရေစက်သွန်းချ

ယင်းနောက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရထံမှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ပရိသတ်တို့က အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အလှူငွေများ လက်ခံ

စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင် စေတနာရှင် အလှူရှင်တို့ လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများကို လက်ခံစဉ်။
(သတင်းစဉ်)

အာဟာရပညာပေးလုပ်ငန်းများ ပြည်သူလူထုအတွင်း ကျယ်ပြန့်စွာရောက်ရှိရေး ပြည်သူများကိုယ်တိုင် လိုက်နာကျင့်သုံးတတ်စေရန် အလေးထားဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁

ကျန်းမာရေးဝန်ကြီးဌာန၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် ၂၀၁၀ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တက်ရောက်၍ အမှာစကားပြောကြားသည်။

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ၂၀၁၀ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တက်ရောက်

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့ အစည်းများမှ ကိုယ်စားလှယ်များ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးများ၊ ဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မိခင်နို့တိုက်ကျွေးရေး အသိအမှတ်ပြု ဆုရရှိသည့် ဆေးရုံများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိ ဝန်ကြီးဒေါက်တာကျော်မြင့်က အမှာစကားပြောကြားရာတွင် အမျိုးသားရေးအသွင်ဖြင့် ပြည်သူလူထုအတွင်း နှစ်စဉ်ကျင်းပသည့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုကို ဩဂုတ်လ ပထမပတ်မှ စတုတ္ထပတ်အထိ ကျင်းပမည်ဖြစ်ပြီး ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် (World Breastfeeding Week) လှုပ်ရှားမှုကို ဩဂုတ်လ ပထမပတ်တွင် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယခုနှစ် ၂၀၁၀ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် လှုပ်ရှားမှုများမှာ (၁၉)ကြိမ်မြောက် လှုပ်ရှားမှု ဖြစ်ပြီး အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုများအနေဖြင့် (၈)ကြိမ်မြောက် ဖြစ်ကြောင်း၊ ယနေ့မှစ၍ ဗဟိုအဆင့်၊ ပြည်နယ်/တိုင်းအဆင့်၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်များအားလုံးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အာဟာရပြည့်ဝမျှတ

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ ပြုလုပ်ရခြင်း၏ ယေဘုယျရည်မှန်းချက်မှာ မြန်မာနိုင်ငံ၏ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရန်ဖြစ်ပြီး ဝိသေသ ရည်မှန်းချက်များအနေနှင့် အသက် ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးရန်၊ ဗီတာမင်အေ ဆေးလုံးတိုက်ကျွေးခြင်းလုပ်ငန်း လွှမ်းခြုံမှု မြင့်မားနေသည့် အခြေအနေကို ဆက်လက်ထိန်းသိမ်းထားရန်၊ အသက် နှစ်နှစ်မှ ငါးနှစ်အောက် ကလေးများ၊ မူလတန်းကျောင်းသားအရွယ် ကလေးများနှင့် ကိုယ်ဝန် သုံးလအထက် အမျိုးသမီးများအား သန်ချဆေးတိုက်ကျွေးခြင်းလွှမ်းခြုံမှု မြင့်မားလာစေရန်၊ အမျိုးသမီးများ သံဓာတ်ဆေးပြား သောက်သုံးခြင်း၏ အကျိုးကျေးဇူးကို ပိုမိုနားလည် သဘောပေါက်လာစေရန်၊ ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့် နို့တိုက်မိခင်များ ဗီတာမင်ဘီ-ဝမ်း ချို့တဲ့မှုကို သိရှိနားလည်ပြီး ဗီတာမင်ဘီ-ဝမ်းဆေးပြားများကို သောက်သုံးကြစေရန်၊ အရည်အသွေးပြည့်မီသော အိုင်အိုဒင်းဆား ထုတ်လုပ်စားသုံးမှု အရှိန်အဟုန်ကိုမြှင့်တင်ရန်၊ အသက်အရွယ်အလိုက် အာဟာရပြည့်ဝမျှတစွာ စားသောက်တတ်သည့်ဓလေ့ ထွန်းကားလာစေရန် ဖြစ်ကြောင်း။

ယခုနှစ် ဆောင်ရွက်မည့် အာဟာရဖွံ့ဖြိုးရေးနှင့် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်များ လှုပ်ရှားမှုများမှာ ပထမပတ်ကို မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်၊ ဒုတိယပတ်ကို ငါးနှစ်အောက်ကလေးများ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်၊ တတိယပတ်ကို ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်၊ စတုတ္ထပတ်ကို အိုင်အိုဒင်းချို့တဲ့ရောဂါများပပျောက်ရေး ရက်သတ္တပတ်များအနေဖြင့် သတ်မှတ်ပြီး တစ်နိုင်ငံလုံး ဆောင်ရွက်မည်ဖြစ်ကြောင်း။

လျော့နည်းကျဆင်း

ယခုကဲ့သို့ ဩဂုတ်လတစ်လလုံး အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ သတ်မှတ်ပြီး ဆောင်ရွက်ခြင်းကြောင့် ကလေးငယ်များနှင့် အမျိုးသမီးများ၏ ကျန်းမာရေးနှင့် အာဟာရအခြေအနေ ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း၊ မိခင်နို့စနစ်တကျ တိုက်ကျွေးခြင်းဖြင့် ကလေးငယ်များတွင် ဖြစ်ပွားတတ်သည့် အာဟာရမပြည့်ဝခြင်း၊ ဝမ်းလျှောဝမ်းပျက်ဖြစ်ခြင်း စသည့်ပြဿနာများကို လျော့နည်းကျဆင်းစေနိုင်မည် ဖြစ်ကြောင်း၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ ကလေးသူငယ်များ အာဟာရပြည့်ဝမျှတစွာ စားသုံးတတ်သည့် ဓလေ့လည်း ပိုမိုထွန်းကားလာမည် ဖြစ်ကြောင်း။

အလေးပေးဆောင်ရွက်

အင်အားပြည့် ဗီတာမင်အေဆေးလုံး တိုက်ကျွေးခြင်း၊ သန်ကောင်ရောဂါကာကွယ်ရေးအတွက် သန်ချဆေးမှန်မှန်သောက်သုံးစေခြင်းတို့ဖြင့် ကလေးများ ခန္ဓာကိုယ်ဖွံ့ဖြိုးပြီး ဉာဏ်ရည်ထက်မြက်စွာ စာပေသင်ကြားနိုင်စေမည့်အပြင် အခြားရောဂါများ ဝင်ရောက်မှုကိုလည်း ကြံ့ကြံ့ခံနိုင်စေမည်ဖြစ်ကြောင်း၊ အရည်အသွေးပြည့်မီသည့် အိုင်အိုဒင်းဆားထုတ်လုပ်စားသုံးမှု တိုးတက်လာသည်နှင့်အမျှ အိုင်အိုဒင်းချို့တဲ့ရောဂါများ မြန်မာ့မြေမှ ပပျောက်သွားစေမည်ဖြစ်ကြောင်း၊ ဤသို့ဖြစ်စေရန် အာဟာရပညာပေးလုပ်ငန်းများ ပြည်သူလူထုအတွင်း ပိုမိုကျယ်ပြန့်စွာ ရောက်ရှိစေပြီး ပြည်သူများကိုယ်တိုင် လိုက်နာကျင့်သုံးတတ်စေရန် အလေးပေးဆောင်ရွက်ရမည် ဖြစ်ကြောင်း။

အစဉ်အလာမပျက် ကျင်းပခဲ့သည့် မိခင်နို့စနစ်တကျတိုက်ကျွေးသော ဆေးရုံနှင့် မြို့နယ်များအား အသိအမှတ်ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကိုလည်း ယနေ့တွင် တစ်ပါတည်း ကျင်းပမည်ဖြစ်ကြောင်း၊ ၁၉၉၃ခုနှစ်က စတင်ပြီး အကောင်အထည်ဖော်ခဲ့သည့် မိခင်နို့စနစ်တကျတိုက်ကျွေးရေးစီမံချက်လုပ်ငန်းအရ မိခင်နို့စနစ်တကျ တိုက်ကျွေးသော ဆေးရုံများ(Baby Friendly Hospital Initiative)အဖြစ် ဆေးရုံပေါင်း ၅၀၄ရုံကို အသိအမှတ်ပြုနိုင်ခဲ့ပြီး မိခင်နို့စနစ်တကျတိုက်ကျွေးသော မြို့နယ်များ (အိမ်တွင်မွေးဖွားခြင်း) (Baby Friendly Home Delivery) အဖြစ် မြို့နယ်ပေါင်း ၁၇၈ မြို့နယ်ကို အသိအမှတ်ပြုနိုင်ခဲ့ပြီဖြစ်ကြောင်း။

လုပ်ငန်းဆောင်ပုဒ်

နှစ်စဉ်နှစ်တိုင်း ရည်မှန်းဦးတည်ဆောင်ရွက်မည့် လုပ်ငန်းဆောင်ပုဒ်တစ်ခုရွေးချယ်ပြီး ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်ကို ကျင်းပလေ့ရှိရာတွင် ယခုဦးတည်ဆောင်ရွက်မည့် လုပ်ငန်းဆောင်ပုဒ်မှာ BREASTFEEDING;Just 10 steps. Baby Friendly Way ဖြစ်ပါကြောင်း၊ မြန်မာလို "မိခင်ကလေးကျန်းမာဖို့ အဆင့်(၁၀) ဆင့် လိုက်နာလို့ မိခင်နို့ရည်တိုက်ကြစို့" ဟု ပြန်ဆိုသတ်မှတ်ထားကြောင်း။

ဤလုပ်ငန်းကို ကျန်းမာရေးဝန်ထမ်းများချည်းသက်သက်ဖြင့် ရာနှုန်းပြည့်အောင်မြင်အောင်ဆောင်ရွက်ရန် အခက်အခဲများရှိနိုင်သည့်အတွက် ယနေ့ကြွရောက်လာသည့် ကျန်းမာရေးလုပ်ငန်းဆောင်ရွက်မှုများနှင့်နီးနွယ်သည့် ဝန်ကြီးဌာနများ၊ ပြည်တွင်း ပြည်ပ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံးကပါ ဝိုင်းဝန်းပြီး လက်တွဲညီညီဆောင်ရွက်ရန် အထူးပြောကြားလိုကြောင်း။

ကျန်းမာကြံ့ခိုင်

ရင်သွေးငယ်များ အာဟာရချို့တဲ့မှုကြောင့် အသက်မဆုံးရှုံးရေးနှင့် အာဟာရပြည့်ဝရေးတို့အပြင် ရင်သွေးငယ်ရဲ့ဖွံ့ဖြိုးတိုးတက်မှုအရှိန်ကိုမြှင့်တင်ပေးနိုင်သည့် စရိတ်ကျဉ်းသည့် မိခင်နို့စနစ်တကျတိုက်ကျွေးခြင်း၊ ကလေးငယ်များအား စနစ်တကျအစာကျွေးခြင်းသည် အနာဂတ်အမိနိုင်ငံတော်အတွက် ကျန်းမာကြံ့ခိုင်သည့် ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် သားကောင်းသမီးကောင်းရတနာများ ပေါ်ထွန်းလာအောင် ဆောင်ရွက်ပေးမည့် ဦးစားပေးဆောင်ရွက်ရမယ့် လုပ်ငန်းများဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha က အမှာစကားပြောကြားသည်။

ယင်းနောက် ဝန်ကြီး ဒေါက်တာကျော်မြင့်က ၂၀၁၀ခုနှစ် မိခင်နို့တိုက်ကျွေးရေး အသိအမှတ်ပြု ဆုရရှိသည့် ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့နယ် ပြည်သူ့ဆေးရုံ၊ မန္တလေးတိုင်း မြင်းခြံမြို့နယ် ထနောင်းတိုင် တိုက်နယ်ဆေးရုံနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ဆီဆိုင်မြို့နယ် ဘန်းယဉ်တိုက်နယ်ဆေးရုံတို့အတွက် ဆုများကို တာဝန်ရှိသူများထံ ပေးအပ်သည်။

စာမျက်နှာ ၆ ကော်လံ ၁

2-8 (05).pmd 1 8/2/2010, 3:42 AM

လှည့်လည် ကြည့်ရှု

နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးတင်အေး မြန္မာ သဘာဝ သောက်ရေသန့်စက်ရုံအတွင်း လှည့်လည် ကြည့်ရှုစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး

မြန္မာ သဘာဝသောက်ရေသန့်စက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

ရန်ကုန် ဩဂုတ် ၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးသည် ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်စက်မှုဇုန်၌ကျင်းပသည့် မြန္မာသဘာဝ သောက်ရေသန့်စက်ရုံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင် လီမိတက် ဒုတိယမန်နေဂျင်းဒါရိုက်တာနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို စက်ရုံဥပစာရှေ့၌ ကျင်းပရာ ဒုတိယ ဗိုလ်ချုပ်ကြီးတင်အေးနှင့် အဖွဲ့ဝင်များက မင်္ဂလာမုခ်ဦးရှေ့၌ နေရာယူကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူတို့က မြန္မာ သဘာဝသောက်ရေသန့်စက်ရုံကို ဖဲကြိုး ဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဖွင့်လှစ်ပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ က မြန္မာသဘာဝသောက်ရေသန့်စက်ရုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ် ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များက စက်ရုံ ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်း ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း ခေတ်မီစက်ကိရိယာများဖြင့် သဘာဝ သောက်ရေသန့် ထုတ်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ဆွေးနွေးမှာကြား

ယင်းနောက် စက်ရုံခန်းမ၌ ဒုတိယ ဗိုလ်ချုပ်ကြီးတင်အေးနှင့် အဖွဲ့ဝင်များအား စက်ရုံမှူးနှင့် တာဝန်ရှိသူများက စက်ရုံ၏ တည်နေရာနှင့် အကျယ်အဝန်း၊ ခေတ်မီ စက်ကိရိယာများဖြင့် သဘာဝသောက်ရေ သန့်များကို ကျန်းမာရေးနှင့် ညီညွတ်စွာ ထုတ်လုပ်ဖြန့်ဖြူးနေမှု၊ ဈေးကွက်အတွင်း ဖြန့်ဖြူးမှုတို့နှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီး တင်အေးက လိုအပ်သည်များကို ဆွေးနွေး မှာကြားသည်။

ထုတ်လုပ်ထား

စက်ရုံမှထုတ်လုပ်သော ရေသန့်အမျိုး အစားမှာ Purified Water အမျိုး အစားဖြစ်၍ ကိုရီးယားနည်းပညာဖြင့် ထုတ်လုပ်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန္မာ သဘာဝသောက်ရေသန့် စက်ရုံ

မြန္မာ သဘာဝသောက်ရေသန့် စက်ရုံကို တွေ့ရစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၅ မှ

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးနှင့် ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha တို့က ၂၀၁၀ခုနှစ် မိခင်နို့တိုက်ကျွေးရေးအသိအမှတ်ပြု ဆုရရှိကြသည့် ဆေးရုံများအတွက် ဆုများကို တာဝန်ရှိသူများထံ ပေးအပ်ကြပြီး အခမ်းအနားကို ခေတ္တရပ်နားသည်။ အခမ်းအနားရပ်နားချိန်တွင် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် ဝန်ကြီးရုံး မြေညီထပ်၌ အသက်ခြောက်လမှ ငါးနှစ်အောက်ကလေးငယ်များအား ဗီတာမင်အေဆေးလုံးများ တိုက်ကျွေးကြပြီး ကစားစရာလက်ဆောင်များကိုလည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်ဆေးဝါးနှင့် လက်ဆောင်ပစ္စည်းများကိုလည်းကောင်း ပေးအပ်ကြသည်။

ဆုများပေးအပ်ချီးမြှင့်

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ၂၀၁၀ခုနှစ် မိခင်နို့တိုက်ကျွေးရေး အသိအမှတ်ပြု ဆုရရှိကြသည့် ဆေးရုံများမှ ကျန်းမာရေးဝန်ထမ်းများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

(သတင်းစဉ်)

မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းမည်

နေပြည်တော် ဩဂုတ် ၁

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်တွင် နေရာကွက်ကျား၊ မကွေးတိုင်းတွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဩဂုတ် ၂ရက် ညနေအထိ ခန့်မှန်းချက်မှာ ကယားပြည်နယ်နှင့် မကွေးတိုင်း တို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်တွင် နေရာ ကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့် ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းမည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ဇူလိုင် ၂၄ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ကရင်ခြံရပ်ကွက် အတွင်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အတွင်းရေးမှူး ဒေါ်ကြည်ကြည်ဆွေ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများနှင့်အဖွဲ့ သွေးလွန်တုပ်ကွေး ရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက် ခြင်း၊ ခြင်ဆေးများ မှုတ်ခြင်း၊ ခြင်ထောင်ဆေးစိမ်ခြင်းနှင့် ရေစည်၊ ရေအိုးများအတွင်း အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား

ကိုသစ္စာ - ရေးသားသည်

ဟောင်ကောင်ဒေါ်လာရှစ်သန်းတန် တံဆိပ်ခေါင်း

တရုတ်နိုင်ငံ ဟောင်ကောင် အခြေစိုက် အင်တီရာစီရာ လေလံတင် ရောင်းချရေးအဖွဲ့က ဇူလိုင် ၃၁ရက်မှ ဩဂုတ် ၁ရက်အထိ တံဆိပ်ခေါင်း လေလံတင်ရောင်းချပွဲတစ်ရပ်ကို ကျင်းပ ခဲ့ရာ ဟောင်ကောင်ဒေါ်လာရှစ်သန်းတန် ရှားပါးတံဆိပ်ခေါင်းအပြင် အခြား တံဆိပ်ခေါင်း အမျိုးအပြားလည်းပါဝင်ခဲ့ သည်။

ဈေးသတ်မှတ်

တရုတ်နိုင်ငံ ဟောင်ကောင်၌ ပြုလုပ်သည့် တံဆိပ်ခေါင်းလေလံတင်ရောင်းချပွဲ၌ တရုတ်နိုင်ငံတွင် ထုတ်ဝေအသုံးပြုခဲ့သော ရှားပါးတံဆိပ်ခေါင်း ၂၂၀၀ကျော်ကို ကြမ်းခင်းဈေးများ သတ်မှတ်ကာ ရောင်းခဲ့သည်။

သတ်မှတ်ထား

ရှားပါးတံဆိပ်ခေါင်းများအနက် အနီရောင်မှိန်းကလေးနှင့် အစိမ်းရောင်ဝတ်စုံဟု အမည်ပေးထားသော တရုတ်နိုင်ငံထုတ် ရှေးဟောင်းတံဆိပ်ခေါင်းတစ်ခုကို ဟောင်ကောင်ဒေါ်လာ ရှစ်သန်းသတ်မှတ်ထားရာ ယင်းငွေကြေးပမာဏထက် ကျော်လွန်ရရှိခဲ့ကြောင်း သိရှိရသည်။

(အင်တာနက်)

မိမိနိုင်ငံ၊ မိမိလူမျိုး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေး အစဉ်ပြောင်းလဲဖြစ်ပေါ်တိုးတက်နေသည့် နည်းပညာရပ်များကို အခြေခံ သင်ကြားပို့ချမှု အရည်အသွေးများ မြင့်မားတိုးတက်လာစေရန်ကြိုးပမ်း

နေပြည်တော် ဩဂုတ် ၁

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၃၇) သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီက မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ဗဟိုဝန်ထမ်း တက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းတက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဦးလှထွန်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဌာနကြီးမှူးများ၊ ဌာနမှူးများနှင့် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့တာဝန်ကို စတင်ယူချိန်မှစပြီး အနာဂတ် နိုင်ငံတော်သစ်အတွက် လိုအပ်သည့် အခြေခံအဆောက်အအုံကောင်းများ၊ ပတ်ဝန်းကျင်ကောင်းများကို အရှိန်အဟုန်ဖြင့် ဖော်ဆောင်ပေးလျက်ရှိသကဲ့သို့ မိမိတို့ နိုင်ငံတော်ကို နိုင်ငံတကာအဆင့်မီ တည်ဆောက်သွားနိုင်မည့် စွမ်းဆောင်ရည် မြင့်မားသော မျိုးဆက်သစ်လူငယ်များ နယ်ပယ်ကဏ္ဍအသီးသီးတွင် ပြည့်ပြည့်စုံစုံ ရှိနေစေရန် အဆင့်မြင့်ပညာကဏ္ဍနှင့် အခြေခံပညာကဏ္ဍများတွင် အမျိုးသား ပညာရည်မြင့်မားရေး နှစ်တို၊ နှစ်ရှည် စီမံကိန်းများ ချမှတ်ဖော်ဆောင်လျက်ရှိကြောင်း။

စီမံဆောင်ရွက်

အခြေခံပညာကဏ္ဍတွင် နိုင်ငံသူနိုင်ငံသားတိုင်း ပညာသင်ယူနိုင်မှု အခွင့်အလမ်း ညီမျှစွာရရှိနိုင်စေရေး ဖော်ဆောင်နေသကဲ့သို့ အဆင့်မြင့်ပညာကဏ္ဍ၌ နိုင်ငံတော် တည်ဆောက်ရေးအတွက် နယ်ပယ်အသီးသီးတွင် လိုအပ်သော အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာစေရေးရည်မှန်းပြီး ကျယ်ကျယ်ပြန့်ပြန့် ရွေးချယ်သင်ယူနိုင်သည့် အခြေခံကောင်းများ၊ စဉ်ဆက်မပြတ် လေ့လာသင်ယူနိုင်သော ပတ်ဝန်းကျင်ကောင်းများ ဖြစ်ထွန်းလာစေရန် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံသားတိုင်း အခြေခံပညာအဆင့်အလိုက် သင်ယူပြီးမြောက်ရေးသည် အဓိကကျသည့် ပညာရေးအခြေခံလုပ်ငန်းဖြစ်သည်နှင့်အညီ အခြေခံပညာကျောင်းများတွင် မူလတန်းကြိုအတန်းများ တိုးချဲ့ဖွင့်လှစ်ပေးပြီး ကျောင်းနေအရွယ်မရောက်သေးသော ကလေးများအား ပြုစုပျိုးထောင်ပေးမှု၊ ပညာသင်နှစ်မစတင်မီ နိုင်ငံနှင့်အဝန်း ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးလုပ်ငန်း လှုပ်ရှားဆောင်ရွက်မှုများ၊ ကျောင်းနေမြဲရေး အစီအစဉ်များနှင့် သင်ယူတတ်မြောက်မှု အရည်အသွေး ဆန်းစစ်မှုအစီအစဉ်များကို ချမှတ်ဆောင်ရွက်ပေးခဲ့ကြောင်း။

ကာကွယ်စောင့်ရှောက်

အမျိုးသား ပညာရည်မြင့်မားရေးတာဝန်များကို လက်တွေ့ကျကျထမ်းဆောင်နေကြသည့် ဆရာ ဆရာမများအနေဖြင့် သင်ကြားပို့ချမှု အရည်အချင်းမြင့်မားပြီး နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများနှင့်အညီ ကျောင်းသား ကျောင်းသူများကို ခေတ်မီ အထောက်အကူပြုပစ္စည်းများ အသုံးချ၍ ကျွမ်းကျင်စွာ သင်ကြားပို့ချပေးနိုင်သည်နှင့်အမျှ အရည်အချင်းရှိသော လူတော်လူကောင်း နိုင်ငံ့သားကောင်းသမီးမွန်များပေါ်ထွန်းလာပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ တစ်ဆက်တည်းတွင် နိုင်ငံတော်၏ အမျိုးသားရေးမျှော်မှန်းချက်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံတော်ကို တည်ဆောက် ကာကွယ်စောင့်ရှောက်သွားနိုင်ကြမှာ ဖြစ်ကြောင်း။

ထို့ကြောင့် ဆရာ ဆရာမများအနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုးနိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစဉ်ပြောင်းလဲဖြစ်ပေါ်တိုးတက်နေသည့် နည်းပညာရပ်များကို အခြေခံပြီး သင်ကြားပို့ချမှု အရည်အသွေးများ မြင့်မားတိုးတက်လာစေရန် ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း။

လမ်းညွှန်မှာကြား

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ဆရာ ဆရာမများ၏ အရည်အသွေးမြင့်မားတိုးတက်ရေးနှင့် ပတ်သက်ပြီး **"ဆရာ ဆရာမများအနေဖြင့် မိမိတို့ ကိုယ်တိုင် ဘာသာရပ်ဆိုင်ရာများကို ကျွမ်းကျင်တတ်မြောက်အောင် အစဉ်ဆည်းပူးလေ့လာနေကြရန် လိုသကဲ့သို့ မိမိတို့၏ ကျောင်းသား ကျောင်းသူများကိုလည်း အရေအတွက်မှ အရည်အချင်းကူးပြောင်းပြီး ထူးချွန်ထက်မြက်၍ အရည်အချင်း၊ အရည်အသွေး ပြည့်ဝသူများဖြစ်လာစေရေးအတွက် သင်ကြားပေးသွားရန်လိုကြောင်း၊ ပညာတတ် လူ့အရင်းအမြစ်များ ပေါ်ထွက်လာရေးသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးကြောင်း"** ဖြင့် လမ်းညွှန်မှာကြားခဲ့ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အမျိုးသားပညာရည် မြင့်မားရေးလုပ်ငန်းစဉ်များတွင် ဆရာ ဆရာမများ၏ သင်ကြားမှုအရည်အသွေး ပြည့်ဝရေး၊ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို နိုင်ငံတကာအဆင့်မီ မြှင့်တင်ဆောင်ရွက်ရေး၊ သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများကို ထိရောက်စွာ အသုံးပြုသင်ကြားရေးတို့အား စီမံဆောင်ရွက်ပေးထားပြီးဖြစ်ရာ ဆရာ ဆရာမများအနေဖြင့် စာသင်နှစ်အတွင်း သတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းများကုန်အောင် သင်ကြားရေး၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို ကျောင်းသား ကျောင်းသူများ အမှန်တကယ် တတ်မြောက်အောင် အဆင့်ဆင့်သောတာဝန်ရှိသူများ၏ စစ်ဆေးကြပ်မတ်မှုနှင့်အတူ အထူးအလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဦးသိန်းဇော် နယူးဒေလီမြို့ရှိ ITC Maurya Hotel ၌ Vihann Network Limited India မှ ဥက္ကဋ္ဌ Mr. Rajiv Mehrotra နှင့် ဒုတိယဥက္ကဋ္ဌ (Marketing) Mr. NK Mohapatra တို့အား တွေ့ဆုံ၍ ဆက်သွယ်ရေးကဏ္ဍ ပူးပေါင်း ဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးစဉ်။ (သတင်း စာ-၄)

(သတင်းစဉ်)

တက်လှမ်း

မျက်မှောက်ကာလ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပညာရေးဆိုင်ရာမျှော်မှန်းချက်များ ပြည့်မြောက်အောင်မြင်ရေးအတွက် အခြေခံပညာ အရည်အသွေးမြင့်မားခိုင်ခံ့မှု၊ ကျေးလက်ဒေသများအထိ ပညာရေးထွန်းကားမှု အခြေခံကောင်းများနှင့် ပြည့်စုံနေမှသာ မျှော်မှန်းချက်များနှင့်အညီ အဆင့်ဆင့်တက်လှမ်းအကောင်အထည် ပေါ်ထွန်းလာမှာဖြစ်ကြောင်း။

ယခုကဲ့သို့ ရည်မှန်းချက်များနှင့်အညီ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးဆိုင်ရာအခြေခံကောင်းများ၊ အခွင့်အလမ်းကောင်းများကို တစ်နိုင်ငံလုံး ကွက်ပြည့်တည်ဆောက် ဖန်တီးပေးထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးလက်ဒေသများအထိ ဖြန့်ကြက်တာဝန်ထမ်းဆောင်နေကြသည့် အခြေခံပညာဆရာ ဆရာမများ၏ ပညာရေးတာဝန်ကျေပွန်မှု၊ ရရှိဖြစ်ထွန်းနေသည့် ပညာရေးအခြေခံကောင်းများကို အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်စွမ်းရှိမှု၊ စိတ်ဓာတ်နှင့် အရည်အသွေးမြင့်မားမှု၊ နိုင်ငံနှင့်လူမျိုးအပေါ်၊ မိမိ၏ ပတ်ဝန်းကျင်အပေါ်၊ မိမိတို့ တပည့်ကျောင်းသားကျောင်းသူများအပေါ် စိတ်စေတနာကောင်းထားရှိမှုတို့သည် ယနေ့နိုင်ငံတော်၏ ပညာရေးဆိုင်ရာမျှော်မှန်းချက်များ အောင်မြင်ပြည့်မြောက်ရေးအတွက် လွန်စွာပင် အရေးပါကြောင်း။

အလေ့အထကောင်း

နဂိုမူလရိုးသားဖြူစင်ပြီး ဖြစ်သည့် လူငယ်လူရွယ်များ၏ စိတ်ဓာတ်ရေးရာ အခြေခံကောင်းများကို ကြံ့ခိုင်မှု၊ ဖွဲလုံ့လဝီရိယရှိမှု၊ သစ္စာရှိမှုစသည့် မွန်မြတ်သော အရည်အသွေးကောင်းများ ပြည့်စုံစေရေး တည်ဆောက်ပေးကြရမည် ဖြစ်သကဲ့သို့ တစ်ဆက်တည်းတွင် စည်းကမ်းလိုက်နာစောင့်ထိန်းမှု အလေ့အထကောင်းများနှင့် ပေါင်းစည်းပေးခြင်းဖြင့် ကိုယ်ရည်ကိုယ်သွေးမြင့်မားသည့် နိုင်ငံ့သားကောင်းသမီးမွန်များအဖြစ် ပေါ်ထွန်းလာနိုင်မည်ဖြစ်ကြောင်း။

ထို့အပြင် မိမိတို့နိုင်ငံ၏ သမိုင်းအစဉ်အဆက်တွင် ထိန်းသိမ်းလာခဲ့သည့် ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများ၊ ဘာသာရေးအဆုံးအမများ၊ လူမှုရေးနီတိများကိုအခြေခံပြီး တစ်ဦးချင်း စည်းကမ်းလိုက်နာမှုမှ တစ်ဆင့် ကျောင်းစည်းကမ်း၊ ရပ်ရွာစည်းကမ်း၊ နိုင်ငံတော်၏ တရားဥပဒေများကို လေးစားလိုက်နာမှု အလေ့အကျင့်ကောင်းများကို လူငယ်များအတွင်း တည်ဆောက်ပေးကြရမည် ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက သင်တန်းသားစံပြဆုရ ကသအမှတ် E-၁၂၈ ဦးဇော်လင်း အလယ်တန်းပြဆရာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ညောင်ပင်ရွာ မိုးညှင်းမြို့နယ် ကချင်ပြည်နယ်နှင့် သင်တန်းသူစံပြဆုရ ကသအမှတ် B-၇၉ ဒေါ်ယုယုဇော် အလယ်တန်းပြဆရာမ အမှတ်(၇) အခြေခံပညာမူလတန်းလွန်ကျောင်း ပြည်ကြီးတံခွန်မြို့နယ် မန္တလေးတိုင်းတို့အား လည်းကောင်း၊ ဖွဲလုံ့လဆုရရှိကြသော ကသအမှတ် E-၇၈ ဦးအောင်မြင့် အထက်တန်းပြဆရာ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း နေပြည်တော်၊ ကသအမှတ် D-၁၁၁ ဒေါ်ညိုညိုသိန်း အထက်တန်းပြဆရာမ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း(လားရှိုးမြို့) ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ကသအမှတ် D-၂၄၃ ဒေါ်လှလှနု အထက်တန်းပြဆရာမ အခြေခံပညာအထက်တန်းကျောင်း နန်းမားရွာ မိုးညှင်းမြို့နယ် ကချင်ပြည်နယ်တို့အား လည်းကောင်း၊ စံပြအဆောင် ဆုရ သင်တန်းသား အမျိုးသားတပ်ခွဲ(၁) အဆောင်(၅)နှင့် သင်တန်းသူ အမျိုးသမီးတပ်ခွဲ(၂) အဆောင်(၅)တို့မှ တပ်ခွဲခေါင်းဆောင်များအား လည်းကောင်း၊ သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသား သင်တန်းသူများကိုယ်စား တပ်ခွဲအလိုက် ခေါင်းဆောင်များအား လည်းကောင်းပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းသို့ အထက်မြန်မာပြည်ရှိ အခြေခံပညာကျောင်းများမှ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများ ၁၃၁၇ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ကြာမြင့်ခဲ့သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း သင်တန်းသားစံပြဆုရ ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ညောင်ပင်ရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အလယ်တန်းပြဆရာ ဦးဇော်လင်းအား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၈-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ရတနသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ပဋ္ဌာန်းဒေသနာတော်(သို့) ဘဝ၏စွမ်းရည်သတ္တိ** တရားတော်(၂) (ဆရာတော်အရှင်ဇောတိက)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၆၅)
- ၈:၃၀ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ရန်ပုံငွေ တေးဂီတဖျော်ဖြေပွဲ (အပိုင်း-၁)
- ၉:၀၅ စေတနာအစွမ်းဖြင့် လင်းကြစေသောဝ်
- ၉:၂၀ မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ် ဘွဲ့ရများအသင်း (MIEGA) စီးပွားရေးပညာရပ်ဆိုင်ရာဟောပြောပွဲ (၁/၂၀၁၀)
- ၉:၃၅ Global Panorama
- ၁၀:၄၀ Activities in the City (Moe Z ၏ ဒီနေ့နှင့်မနက်ဖြန် တေးစီးရီးမိတ်ဆက်ပွဲ)
- ၁၀:၅၅ ရင်သွေးငယ်များကျန်းမာဖို့ မိခင်နို့ချိုတိုက်ကြစို့
- ၁၁:၁၀ International Show Biz
- ၁၁:၂၅ SGED သက်ကြီးဆရာဝန် စောင့်ရှောက်ရေး
- ၁၁:၅၀ စာအုပ်ပြခန်း [မြန်မာ့ကြေးခေတ်ယဉ်ကျေးမှု သုတေသနခရီးစာအုပ်ကိုရေးသားသူ ဆရာဦးစန်းဝင်း (ရှေးဟောင်းသုတေသန)နှင့် တွေ့ဆုံခြင်း]
- ၁၂:၁၀ Rainforest Homeland (အပိုင်း-၁)
- ၁၂:၄၀ ငြိမ်းချမ်းမြေမှ ရတနာလာဘမုနိ ဆုတောင်းပြည့်မြွေဘုရား
- ၁:၀၀ **ပဋ္ဌာန်းဒေသနာတော်(သို့) ဘဝ၏စွမ်းရည်သတ္တိ** တရားတော်(၂) (ဆရာတော်အရှင်ဇောတိက)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ The Champion of Dance
- ၃:၁၅ ကောင်းကင်ယံက အန္တရာယ်
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၆၅)
- ၄:၀၅ ဂီတသံစဉ်အလှဆင် (ဟေမာနေဝင်း)
- ၄:၂၅ မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ် ဘွဲ့ရများအသင်း (MIEGA) စီးပွားရေးပညာရပ်ဆိုင်ရာဟောပြောပွဲ (၁/၂၀၁၀)
- ၄:၄၀ ရန်ကုန်မြင်ကွင်းကျယ် (ရိုးရှင်းလွယ်ကူစွာနဲ့ ကမ္ဘာ့ဖလားကို ရင်ခုန်ကြပါစို့ ပြိုင်ပွဲဆုပေးပွဲအခမ်းအနား)
- ၄:၅၅ စေတနာအစွမ်းဖြင့် လင်းကြစေသောဝ်
- ၅:၁၅ Celebrity Choice (ရတနာမိုင်)
- ၅:၄၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ဂီတသမားတို့ရဲ့ ရင်ခုန်သံများ (Tiger Girls)
- ၆:၄၀ အနုပညာမိုးကောင်းကင်
- ၇:၀၅ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ရန်ပုံငွေ တေးဂီတဖျော်ဖြေပွဲ (အပိုင်း-၂)
- ၇:၃၅ International Show Biz
- ၇:၄၅ ရန်ကုန်မြင်ကွင်းကျယ် (ရိုးရှင်းလွယ်ကူစွာနဲ့ ကမ္ဘာ့ဖလားကို ရင်ခုန်ကြပါစို့ ပြိုင်ပွဲဆုပေးပွဲ အခမ်းအနား)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ The Champion of Dance
- ၉:၀၀ အနုပညာမိုးကောင်းကင်
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၆၅)
- ၁၀:၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၀:၂၅ Activities in the City (Moe Z ၏ ဒီနေ့နှင့်မနက်ဖြန် တေးစီးရီးမိတ်ဆက်ပွဲ)
- ၁၀:၄၀ Sports World
- ၁၁:၀၅ Celebrity Choice (ရတနာမိုင်)
- ၁၁:၃၀ ရွှေဖြူဟုခေါ်သည် (အပိုင်း-၂)
- ၁၁:၅၀ **ကိုစိန်နှင့်ကိုယ်ဝန်ဆောင်မိခင်** စံလင်း၊ မျောက်ရှုံး၊ အေးအေးခိုင်၊ အေးသီတာ [ဒါရိုက်တာ-အောင်မိုး (ပဲရစ်)]
- ၁၁:၅၅ ဒေဝီစေခိုင်းသမင်လိုက်ခန်းနှင့် ကျေးလက်ကကွက် လွန်စွဲမက်
- ၁၂:၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။



ကုန်တင်ယာဉ်ထုတ်လုပ်မှု ကြည့်ရှုလေ့လာ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ **TA TA Motors Ltd.** ၏ ကုန်တင်ယာဉ် ထုတ်လုပ်မှုစက်ရုံတွင် ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

* *ရှေ့ဖုံးမှ*

ကြိုဆို

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များအား Andhra Pradesh ပြည်နယ်မှ Director of Protocol ဖြစ်သူ Mr. N. V Ramana Reddy နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် Taj Krishna ဟိုတယ်သို့ ရောက်ရှိကြသည်။

ရှင်းလင်းပြောကြား

ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ညနေ ၃နာရီတွင် Hyderabad မြို့ရှိ Bharat Biotech International Ltd. ဆေးဝါးထုတ်လုပ်ရေး စက်ရုံသို့ ရောက်ရှိကြရာ ကုမ္ပဏီမှ ဥက္ကဋ္ဌနှင့် မန်နေဂျင်းဒါရိုက်တာဖြစ်သူ Dr. Krishna M. Ella က ကြိုဆိုပြီး စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှ ဆေးဝါးများ ထုတ်လုပ်နေမှုနှင့် ပညာရှင်များဖြင့် ဆေးသုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား **Hyderabad** မြို့ရှိ **Bharat Biotech International Ltd.** ဆေးဝါးထုတ်လုပ်ရေးစက်ရုံ၌ တာဝန်ရှိသူများက ဆေးဝါးများထုတ်လုပ်နေမှုနှင့် ပညာရှင်များဖြင့် ဆေးသုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

အကြံပြုဆွေးနွေး

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က မြန်မာနိုင်ငံ၏ ဆေးဝါးထုတ်လုပ်မှု လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး သိရှိလိုသည်များကို မေးမြန်း၍ အကြံပြုဆွေးနွေးသည်။

ယင်းနောက် Dr. Krishna M. Ella က ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား ဂါရဝပြုလက်ဆောင် ပေးအပ်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် အဖွဲ့ဝင်များသည် Hi Tech City ရှိ Cyber Towers သို့ ရောက်ရှိကြရာ အစည်းအဝေး ခန်းမ၌ Software Technology Parks of India, Ministry of Communication & Information မှ Director ဖြစ်သူ Mr. P. Venugopal က အိန္ဒိယသမ္မတ နိုင်ငံအစိုးရ၏ IT နည်းပညာ ဖွံ့ဖြိုးရေး ရည်ရွယ်ချက်ဆောင်ရွက်နေမှု၊ လက်ရှိလုပ်ငန်းအောင်မြင် ဖြစ်ထွန်းနေမှု၊ ရင်းနှီးမြှုပ်နှံမှု၊ အနာဂတ်အစီအစဉ်များနှင့် Hyderabad မြို့ရှိ IT ကုမ္ပဏီများနှင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ L & T Infocity Limited မှ Marketing Manager, Mr. Vishal Rasrogi က Hyderabad မြို့ရှိ Hi Tech City ၏ အဓိက စီမံကိန်းလုပ်ငန်းများ၊ ဈေးကွက်ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် IT ကုန်ပစ္စည်းများ ထုတ်လုပ်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

မေးမြန်းဆွေးနွေး

ထို့နောက် ဝန်ကြီး ဦးသိန်းဇော်နှင့် ဝန်ကြီး ဦးသောင်းတို့က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ရှင်းလင်းဆွေးနွေးသူများကို အမှတ်တရ လက်ဆောင်ပေးအပ်ပြီး ပြန်လည်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် ခေတ္တတည်းခိုသည့် ဟိုတယ်သို့ ပြန်လည်ရောက်ရှိကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီးနှင့်ဇနီး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးနှင့်ဇနီး၊ ပြည်ပရေးရာဝန်ကြီးဌာန သံတမန်ရေးရာဌာနမှ တာဝန်ခံတို့ လိုက်ပါလျက် ဇူလိုင် ၂၉ရက် နံနက် ၈နာရီ ၁၀မိနစ်တွင် အိန္ဒိယလေကြောင်းလိုင်း အထူးလေယာဉ်ဖြင့် Hyderabad မြို့မှ ထွက်ခွာခဲ့ပြီး ကိုလ်ကတ္တားမြို့သို့ ရောက်ရှိကြသည်။

ကြိုဆိုနှုတ်ဆက်

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များအား ကိုလ်ကတ္တားမြို့ရှိ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးစိန်ဦးနှင့်ဇနီး၊ သံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုများ၊ အိန္ဒိယသမ္မတနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်အစိုးရအဖွဲ့မှ အထွေထွေအတွင်းရေးမှူး Mr. Singh၊ ပြည်နယ်တရားသူကြီးချုပ် Mr. Kumar၊ ပြည်နယ် Police Commissioner Mr. Mukherjee နှင့် တာဝန်ရှိသူများက ကိုလ်ကတ္တားမြို့ Netaji Subhas Chandra Bose International Air Port မှ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် အဖွဲ့ဝင်များသည် ကိုလ်ကတ္တားမြို့ Jharkhand လေဆိပ်မှ Jharkhand ပြည်နယ် Jamshedpur မြို့ရှိ Sonari လေဆိပ်သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် အဖွဲ့ဝင်များအား Sonari လေဆိပ်မှ Jharkhand ပြည်နယ် West-Singhbhum District Commissioner, Mrs.Shila Kiskoo Rapaj,East-Singhbhum District Deputy Commissioner, Mrs. Himani Pandey နှင့် TA TA Motors Ltd. မှ Project Manager, Mr. Manas Mishra တို့က ကြိုဆိုကြသည်။ ထို့နောက် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ TA TA Motors Ltd. သို့ ရောက်ရှိကြသည်။

ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များအား TA TA Motors Ltd.၏ JSR Plant မှ အကြီးအကဲ Mr. S. B Borwankar နှင့် အဖွဲ့ဝင်များက ကြိုဆိုကြပြီး ကုမ္ပဏီ၏ မော်တော်ယာဉ် ထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

လေ့လာ

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် အဖွဲ့ဝင်များသည် ကုမ္ပဏီရှိ Training Centreတွင် သင်တန်းပို့ချနေမှု အခြေအနေ၊ ကုန်တင်ယာဉ် ထုတ်လုပ်မှုစက်ရုံ (Truck Factory)တွင် ၂၁တန်၊ ၂၅တန်၊ ၃၁တန် Heavy Truck များနှင့် TA TA Nano ဆလွန်းကားငယ်များ တပ်ဆင်ထုတ်လုပ်နေမှုနှင့် အင်ဂျင်အစိတ်အပိုင်းများ ထုတ်လုပ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ကိုလ်ကတ္တား

TA TA မော်တော်ယာဉ်များ

TA TA Motors Ltd. မှ ထုတ်လုပ်သည့် မော်တော်ယာဉ်များကို တွေ့ရစဉ်။ (သတင်းစဉ်)

missioner, Mrs.Shila Kiskoo Rapaj,East-Singhbhum District Deputy Commissioner, Mrs. Himani Pandey နှင့် TA TA Motors Ltd. မှ Project Manager, Mr. Manas Mishra တို့က ကြိုဆိုကြသည်။ ထို့နောက် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ TA TA Motors Ltd. သို့ ရောက်ရှိကြသည်။

ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များအား TA TA Motors Ltd.၏ JSR Plant မှ အကြီးအကဲ Mr. S. B Borwankar နှင့် အဖွဲ့ဝင်များက ကြိုဆိုကြပြီး ကုမ္ပဏီ၏ မော်တော်ယာဉ်ထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

လေ့လာ

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် အဖွဲ့ဝင်များသည် ကုမ္ပဏီရှိ Training Centre တွင် သင်တန်းပို့ချနေမှု အခြေအနေ၊ ကုန်တင်ယာဉ် ထုတ်လုပ်မှုစက်ရုံ (Truck Factory)တွင် ၂၁တန်၊ ၂၅တန်၊ ၃၁တန် Heavy Truck များနှင့် TA TA Nano ဆလွန်းကားငယ်များ တပ်ဆင်ထုတ်လုပ်နေမှုနှင့် အင်ဂျင်အစိတ်အပိုင်းများ ထုတ်လုပ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ကိုလ်ကတ္တားမြို့ လေဆိပ်သို့ ပြန်လည်ရောက်ရှိကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ညနေ ၄နာရီ ၁၅မိနစ်တွင် အိန္ဒိယသမ္မတနိုင်ငံ ကိုလ်ကတ္တားမြို့မှ ပြည်ထောင်စုမြန်မာနိုင်ငံတော် နေပြည်တော်သို့ ပြန်လည်ထွက်ခွာကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များအား အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်းနှင့် ဇနီး၊ အနောက်ဘင်္ဂလားပြည်နယ် အစိုးရအဖွဲ့မှ အထွေထွေအတွင်းရေးမှူး Mr. Singh နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာဗီလာဆွန်ဒါရာ ရာဂျမ်ရှေရှာဒရီနှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီးနေဝင်းနှင့် ဇနီး၊ ကောင်စစ်ဝန်ချုပ် ဦးစိန်ဦးနှင့် ဇနီး၊ သံရုံးဝန်ထမ်းများ၊ ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းများနှင့် မိသားစုများက ကိုလ်ကတ္တားမြို့ Netaji Subhas Chandra Bose International Air Port တွင် ဂါရဝပြုပို့ဆောင်နှုတ်ဆက်ကြသည်။

ပြန်လည်ရောက်ရှိ

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်း အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ TA TA Motors Ltd. ၏ ကုန်တင်ယာဉ် ထုတ်လုပ်မှုစက်ရုံတွင် ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား Hi Tech City ရှိ Cyber Towers အစည်းအဝေးခန်းမ၌ Software Technology Parks of India, Ministry of Communication & Information မှ Director Mr. P. Venugopal က ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

Myanmar Info-Tech ၏ ကွန်ပျူတာအဆောက်အအုံများ Phase III ပန္နက်တင် မင်္ဂလာအခမ်းအနား ကျင်းပ

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရတနာအုတ် ထည့်သွင်းပေး

ရန်ကုန် ဩဂုတ် ၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ Myanmar Info-Tech အဆောက်အအုံဝင်းအတွင်း၌ ကျင်းပသည့် Myanmar Info - Tech ၏ ကွန်ပျူတာအဆောက်အအုံများ Phase III ပန္နက်တင်မင်္ဂလာအခမ်းအနားနှင့် နဝရတ်ကိုးပါး ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနား၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာဝါသနာရှင်အသင်းတို့၏ နှစ်ပတ်လည်အခမ်းအနားများသို့ တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ Myanmar Info -Tech ၏ ကွန်ပျူတာအဆောက်အအုံများ Phase III ပန္နက်တင်မင်္ဂလာ အခမ်းအနားနှင့် နဝရတ်ကိုးပါး ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနားတွင် ရတနာအုတ်များကို ထည့်သွင်းပေးကြစဉ်။ (သတင်းစဉ်)

ထည့်သွင်းမြှုပ်နှံ

ထို့နောက် ပန္နက်တင်မင်္ဂလာ အခမ်းအနားနှင့် ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနားကို သတ်မှတ်နေရာ၌ ကျင်းပရာ ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အုတ်မြစ်တော် အလယ်ဗဟို၌ ပန္နက်တင်ပေးပြီး နဝရတ်ကိုးပါး ရတနာငွေကြုတ်ကို ထည့်သွင်းမြှုပ်နှံပေးသည်။

ရတနာအုတ်ထည့်သွင်း

ယင်းနောက် ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနားကို ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက နေ့နံအလိုက် ရတနာအုတ်များကို သတ်မှတ်နေရာ အသီးသီး၌ ထည့်သွင်းပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အုတ်မြစ်တော်ပေါ်၌ ကမ္ပည်းမော်ကွန်းကျောက်ပြားကို ဖုံးအုပ်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူး၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက နံ့သာရည် ပက်ဖျန်းပေးကြသည်။

အမှာစကားပြောကြား

ထို့နောက် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာ ဝါသနာရှင်အသင်းများ၏ နှစ်ပတ်လည် အခမ်းအနားကို အစည်းအဝေးခန်းမ၌ ကျင်းပရာ ဝန်ကြီးက အဖွင့်အမှာစကား ပြောကြားပြီး အခမ်းအနားအစီအစဉ်ကို ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

2-8 (08-09).pmd 2 8/2/2010, 3:42 AM



မြို့နယ်အခွန်ဦးစီးဌာနမှူး လုပ်ငန်းကျွမ်းကျင်မှုသင်တန်းဆင်းပွဲ ကျင်းပ

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဦးလှထွန်း အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၁

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူး လုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၃၈) သင်တန်းဆင်းပွဲ အခမ်းအနားကို ဇူလိုင် ၂၉ရက် နံနက်ပိုင်းက နေပြည်တော်ရှိ အဆိုပါဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဦးလှထွန်း တက်ရောက်အမှာစကားပြောကြားသည်။

(အပေါ်ပုံ)

စည်းရုံး

ရှေးဦးစွာ ဝန်ကြီးဦးလှထွန်းက အမှာစကားပြောကြားရာ၌ မိမိတာဝန်ကျရာ လုပ်ငန်းခွင်၌ သင်ကြားခဲ့သည့် ဥပဒေ၊ စည်းမျဉ်း၊ အမိန့်၊ ညွှန်ကြားချက် လုပ်ထုံးလုပ်နည်းများနှင့် ပေါင်းစပ်ဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း၊ အရည်အချင်းပြည့်ဝသည့် ဝန်ထမ်းကောင်းများ ဖြစ်လာစေရန် ယခုကဲ့သို့ သင်တန်းများ စဉ်ဆက်မပြတ်ပို့ချပေးနေသကဲ့သို့ ဝန်ထမ်းများအနေဖြင့် လက်တွေ့လုပ်ငန်းခွင်တွင် ပြည်သူများက ကျသင့်သည့်အခွန်ကို လိုလိုလားလားပေးဆောင်လာစေရေးအတွက် အခွန်ပညာပေး စည်းရုံးကောက်ခံသွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် သင်တန်းတွင် ပထမဆုရ ဧရာဝတီတိုင်း အခွန်ဦးစီးဌာနမှူးရုံးမှ ဒုတိယဦးစီးမှူး ဦးမျိုးမင်းညွန့်၊ ဒုတိယဆုရ တနင်္သာရီတိုင်း အခွန်ဦးစီးဌာနမှူးရုံးမှ ဒုတိယဦးစီးမှူး ဦးအောင်ကျော်ဦးနှင့် တတိယဆုရ မွန်ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ဒုတိယဦးစီးမှူး ဒေါ်ကြည်ကြည်ဟန်တို့အား ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းသားများကိုယ်စား လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မြင့်အောင်ထံ သင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်သည်။

လေ့လာသင်ကြား

အဆိုပါ သင်တန်းတွင် သင်တန်းသားသင်တန်းသူ မြို့နယ်အခွန်ဦးစီးဌာနမှူး ၅၀တို့သည် ရက်သတ္တ လေးပတ်ကြာ လေ့လာသင်ကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ်ထွက်ရှိ

ရန်ကုန် ဩဂုတ် ၁

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ်အတွဲ(၆)၊အမှတ်(၂၉)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ တပ်ချဲ့မဟာက ပြောပြနေသော ဘဝဇာတ်ခုံအလွမ်းပုံပြင် ခရီးသွားဆောင်းပါးနှင့်အတူ မော်ကပြန်ပြီလား သစ်လုံးကား၊ မြန်မာလူငယ်အင်ဂျင်နီယာများကို စီအင်န်ဂျီတပ်ဆင်ခြင်း နည်းပညာများ ကိုရီးယားက စရိတ်ငြိမ်း သင်ကြားပေးမည်၊ နယ်စပ်၌ ပွဲစားအချို့ ငွေလဲရာတွင် လိမ်လည်မှုများရှိနေ၊ အလုံနှင့်ဒလ သင်္ဘောကျင်းနှစ်ခုကို နိုင်ငံတကာအဆင့်မီ ပြန်လည်ပြုပြင်မည်၊ ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်များ အောက်တိန်းဆီကို ပိုမိုရောင်းချနိုင်ရန်စီစဉ်၊ တရားလိုမှ တရားခံပြန်ဖြစ်သွားသည့် ငွေကျပ်သိန်းငါးရာတန်ဖိုးရှိ ရွှေထည်ပစ္စည်း ပျောက်ဆုံးမှု နာရီပိုင်းအတွင်း ဖော်ထုတ်နိုင်ခဲ့၊ လူလတ်တန်းစားများ တိုက်ခန်းအပိုင်ဖြင့် နေနိုင်ရန် တန်ဖိုးနည်း အိမ်ရာတည်ဆောက်မည်၊ မြန်မာအမျိုးသမီး လက်ဝှေ့အဖွဲ့ ကမ္ဘာ့အမျိုးသမီး လက်ဝှေ့ချန်ပီယံပြိုင်ပွဲတွင် ပထမဆုံးဝင်ပြိုင်မည် စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ လျှို့စေ့နှင့်ထက်စေ့ Myanmar CHANNEL၊ စွန့်စားရှာဖွေလိုသူတို့ မျက်စိကျလာသောမမ္မစေတီ ခေါင်းလောင်းကြီး(၁)Myanmar DISCOVERY၊ ဆရာဘုန်းလူလှ၏ နိုင်ငံရေးသဘောတရားများ၊ မြန်မာစာ၊ မြန်မာစကား အလေးထားစေချင်၊ သဘာဝဘေးအန္တရာယ်တွေက အရင်နှစ်တွေကထက် ပိုများလာနိုင်ပါတယ်။ ဖတ်စရာ မှတ်စရာဆောင်းပါးများ ဝေဝေဆာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

မှန်ကန်တဲ့အလုပ်၊ လုပ်သင့်လုပ်ထိုက်တဲ့အလုပ်လို့ ယူဆတဲ့အတွက် လုပ်တာဖြစ်တယ် ဘီလုံနာသူဌေး ဒေါက်တာမိုအီဗရာဟင်နှင့် The Straits Times သတင်းစာတို့ တွေ့ဆုံမေးမြန်းခြင်း၊ နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့်အတူ အိုဘားမားက အထင်လွဲမှားပြီး အလုပ်ထုတ်ခဲ့ရသူအား ဝမ်းနည်းစကားဆို၍ အလုပ်ပြန်ဝင်ရန် တိုက်တွန်း၊ တရုတ်နိုင်ငံတွင် ရေလွှမ်းမှုကြောင့် လူ ၇၀၀ခန့် အသက်ဆုံးရှုံး၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုကြောင့် အိန္ဒိယသမုဒ္ဒရာတစ်လျှောက်ရှိ လူသန်းပေါင်းများစွာ ဘေးဒုက္ခတွေ့ဖွယ်ရှိ၊ အချစ်ကိုထိရင် ကွန်ဖူးကစ်မိမယ်၊ အိန္ဒိယက ကိုယ်စားမိခင်များအား အကာအကွယ်ပေးမည့် ဥပဒေစည်းမျဉ်းသစ်ကို ပြဋ္ဌာန်းနိုင်ရန်ကြိုးပမ်း၊ မင်းသမီးလီယောင်အေး မိခင်ဖြစ်တော့မည်၊ ပါကစ္စတန်ခရီးသည်တင် လေယာဉ်တစ်စင်းပျက်ကျ ခရီးသည် ၁၅၂ဦးသေဆုံး၊ ကျွန်တော့်ကို အလုပ်တစ်ခုလောက်ပေးပါစသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

တွံတေးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ သက်ကြီး မသန်စွမ်းအဖွဲ့ဝင်များနှင့် သားသမီးများအတွက် ထောက်ပံ့ကြေးပေးအပ်

တွံတေး ဩဂုတ် ၁

တွံတေးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ သက်ကြီး မသန်စွမ်းအဖွဲ့ဝင်များနှင့် ၎င်းတို့၏ သားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၃၁ရက် နံနက် ၉နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံးခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန့်ဇင်ထွန်း၊ မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ကြီးမြသောင်း(ငြိမ်း)နှင့် တွဲဖက်အတွင်းရေးမှူးတို့က အဖွဲ့၏လုပ်ငန်းတာဝန်များနှင့် လုပ်ငန်းစဉ်များအား ရှင်းလင်းဆွေးနွေးသည်။

ပေးအပ်

ဆက်လက်၍ သက်ကြီးနှင့် မသန်စွမ်းစစ်မှုထမ်းဟောင်းများအတွက် ထောက်ပံ့ကြေးငွေနှင့် ၎င်းတို့၏သားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေးငွေများကို တာဝန်ရှိသူများက ပေးအပ်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ကြီးမြသောင်း(ငြိမ်း)က ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ၁၂တိုက်အတွက် အဖွဲ့ရန်ပုံငွေမှ ခြောက်လစာအတွက် သတင်းစာနှင့် ဒို့ကျေးရွာဂျာနယ် ဖိုးငွေများ ပေးအပ်လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသက်ဦးက လက်ခံယူကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အရေးပေါ် တိုင်းရင်းဆေးသေတ္တာ ဘီးလင်းမြို့၌ ပေးအပ်

ဘီးလင်း ဩဂုတ် ၁

သထုံခရိုင် ဘီးလင်းမြို့နယ် ကျေးရွာအုပ်စုအသီးသီးရှိ တိုင်းရင်းဆေးသေတ္တာ တာဝန်ခံများသို့ တိုင်းရင်းဆေးပညာဦးစီးဌာနက ထောက်ပံ့ပေးအပ်သော မြန်မာတိုင်းရင်းဆေးသေတ္တာ တိုးချဲ့ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၆ရက် နံနက် ၁၀နာရီက ဘီးလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက ဆေးသေတ္တာများ ဖြန့်ဝေပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌနှင့် ဒုတိယတိုင်းရင်းဆေးမှူးတို့က မြန်မာတိုင်းရင်းဆေးသေတ္တာများအား ကျေးရွာအုပ်စုအလိုက် တစ်ဦးချင်းပေးအပ်ခဲ့သည်။ **(အောက်ပုံ)**

ဆွေးနွေးပို့ချ

ယင်းနောက် မြို့နယ်တိုင်းရင်းဆေးကုဌာနမှ ဒုတိယတိုင်းရင်းဆေးမှူး ဒေါ်တင်အုံးရီက တိုင်းရင်းဆေးသေတ္တာ အသုံးပြုနည်းကို ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဘဝအလင်းစာကြည့်တိုက် ကျွန်းလှမြို့နယ်၌ဖွင့်

သုတ၊ ရသ စာအုပ်စာစောင်များလှူဒါန်း

ကျွန်းလှ ဩဂုတ် ၁

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် လယ်လှကျေးရွာ၌ နိုင်ငံတော်မတည်ငွေနှင့် ကျေးရွာပြည်သူများ ထည့်ဝင်ငွေဖြင့် တည်ဆောက်သော အလျား ၂၄ပေ၊ အနံ ၁၆ပေ၊ အမြင့် ၁၂ပေရှိ ဘဝအလင်းစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၂ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးတင်ညိုနှင့် ကျေးရွာဥက္ကဋ္ဌ ဦးတင်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

လှူဒါန်း

ထို့နောက် ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဦးက အမှာစကားပြောကြားပြီး အလှူရှင်များက လှူဒါန်းသော သုတ၊ရသ စာအုပ် စာစောင်အုပ်ရေ ၄၃၀နှင့် ဂျာနယ်စောင်ရေ ၁၅၀တို့ကို ပေးအပ်လှူဒါန်းကြသည်။

(မြို့နယ် ပြန်/ဆက်)

ကတ္တရာလမ်းခင်း

ကော့ကရိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ရွှေကြက်ယက်(အပေါ်ပိုင်း)ကတ္တရာလမ်းခင်းရန် ပြင်ဆင်ဆောင်ရွက်နေမှုကို ဇူလိုင် ၁၆ရက်က ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးမင်းမောင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလှမြင့်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့အတွင်း သွားလာလျက်ရှိသည့် အချို့မော်တော်ယာဉ်များသည် ယာယီနံပါတ်အမျိုးမျိုးကို တပ်ဆင်သွားလာလျက်ရှိကြောင်းတွေ့ရှိရပါသည်။ ထိုသို့ သွားလာလျက်ရှိရာတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတ်မှတ် ပေးထားသည့် စက်မှုဇုန်ထုတ် ယာယီနံပါတ် ခွင့်ပြုကာလ နှစ်လ၊ လေလံနံပါတ် ခွင့်ပြုကာလ သုံးလကိုသာ တပ်ဆင်၍ စည်းကမ်းသတ်မှတ်ချက်နှင့်အညီ သွားလာကြရန်နှင့် သတ်မှတ်ထုတ်ပေးထားခြင်းမရှိသော ယာယီနံပါတ်များ တပ်ဆင်မောင်းနှင်နေခြင်းကို စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

သွေးလွန်တုပ်ကွေးရောဂါနှိမ်နင်းရေး တောင်ကြီး၌ဆောင်ရွက်

တိုင်းမှူး ဗိုလ်ချုပ်ရာပြည့် လှည့်လည်ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၁

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးဆောင်ရွက်ခြင်း အခမ်းအနားကို ဇူလိုင် ၁၇ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့၌ ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တာဝန်ရှိသူများက သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု အခြေအနေများနှင့် ရောဂါကာကွယ်နှိမ်နင်းရေး ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် အမှတ်(၉) အခြေခံပညာ မူလတန်းကျောင်း စာသင်ခန်းများအတွင်း ခြင်ဆေးဖျန်း ဆောင်ရွက်ပေးနေမှုနှင့် တောင်ကြီးမြို့ပေါ် ရပ်ကွက်များအတွင်း ရပ်ကွက်သူရပ်ကွက်သားများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၏ ဖုံး၊ သွန်၊ လဲ၊ စစ် ခြင်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဇောဓိတစ်ထောင်ဒေသ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ

ဝန်ကြီး ဦးသိန်းအောင် ကြည့်ရှုစစ်ဆေးမှာကြား

နေပြည်တော် ဩဂုတ် ၁

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၆ရက် နံနက်ပိုင်းက မြိုင်မြို့နယ် လက်ပံအိုင်ရွာအနီး ၂၀၁၀ခုနှစ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ ကျေးရွာသုံး သာမန်သစ်မာ စိုက်ခင်းဧက ၂၀၀နှင့် သင်းပေါင်းကန်ရွာအနီး ၂၀၀၉ ခုနှစ် သစ်မာစိုက်ခင်း ဧက ၁၃၀တို့ကို ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

ထပ်မံစိုက်ပျိုး

ထို့နောက် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မုံရွာမြို့ ဇောဓိတစ်ထောင်ဒေသ စိမ်းလန်းစိုပြည်ရေး ရှင်းလင်းဆောင်သို့ ရောက်ရှိရာ စစ်ကိုင်းတိုင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးတို့က ဇောဓိတစ်ထောင်ကာကွယ်တောအတွင်း စိုက်ခင်းများစိုက်ပျိုးပြီးစီးမှု၊ ရေရရှိရေးဆောင်ရွက်ထားရှိမှု၊ ကွန်တိုတန်းများဖြင့် စိုက်ပျိုးထားရှိမှုနှင့် လာမည့်ရာသီတွင် ထပ်မံစိုက်ပျိုးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးက စိုက်သမျှ ရှင်သန်အောင်ဂရုစိုက်သွားရေး မှာကြားပြီး ဇောဓိတစ်ထောင်ဒေသ စိမ်းလန်းစိုပြည်နေမှုနှင့် ပျိုးဥယျာဉ်များအတွင်း ပျိုးထောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဝန်ကြီးသည် မုံရွာမြို့ အမှတ်(၅) အထပ်သားစက်ရုံ ရှင်းလင်းဆောင်သို့ရောက်ရှိရာ သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးက ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများထိန်းသိမ်းစောင့်ရှောက်မှု၊ စံပြကြိုးဝိုင်းများ ဖွဲ့စည်းထားရှိမှု၊ ကျေးလက်အိမ်ရာထူထောင်ရေးနှင့် စိုက်ခင်းများ စိုက်ပျိုးထားရှိမှု အခြေအနေများကိုလည်းကောင်း၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးက စိုက်ခင်းများ စိုက်ပျိုးအောင်မြင်နေမှု၊ သဘာဝတောများ ထိန်းသိမ်းထားရှိမှု၊ ထင်းအစားထိုးလောင်စာ ဖြန့်ဝေပေးမှုနှင့် ရေရရှိရေး ဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးက ကြိုးဝိုင်းများ တိုးချဲ့ဖွဲ့စည်းသွားရေးနှင့် စိုက်ခင်းများ အောင်မြင်စေရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပညာရည်ချွန်ဆုပေးပွဲ

လင်းခေးမြို့၌ကျင်းပ

လင်းခေး ဩဂုတ် ၁

လင်းခေးခရိုင် လင်းခေးမြို့ အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇူလိုင် ၂၉ရက် နံနက် စနာရီခွဲက အဆိုပါ အထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ရှေးဦးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင်ဆွေက အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသိန်းက ပညာရည်မြင့်မားရေးနှင့် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး ဆုရရှိသော ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်သူ ၁၃ဦး၊ ဂုဏ်ထူးဆုရရှိသူတစ်ဦးနှင့် ဂုဏ်ထူးရရှိအောင် သင်ကြားပေးသည့် ဆရာမများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးသည်။ (ခရိုင် ပြန်/ဆက်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန

ထူးချွန်ဝန်ထမ်းသားသမီးများအား ဂုဏ်ပြု

နေပြည်တော် ဩဂုတ် ၁

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် ဝန်ထမ်းများ၏ သားသမီးများအတွက် သက်ဆိုင်ရာဌာနများသို့ ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၂၇ရက် နံနက်ပိုင်းက မြန်မာ့မီးရထား နေပြည်တော်ဘူတာကြီး၌ ကျင်းပသည်။

ပေးအပ်

ရှေးဦးစွာ မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေက အဖွင့် အမှာစကား ပြောကြားပြီး ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် သုံးဘာသာနှင့်အောက် ရိုးရိုးအောင် အပါအဝင် ကျောင်းသားကျောင်းသူ ၅၀၈ဦးတို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလွှာများကို သက်ဆိုင်ရာ ဌာနတာဝန်ခံများထံ ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

ဂုဏ်ပြုချီးမြှင့်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားဝန်ထမ်း သားသမီးများမှ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ခြောက်ဘာသာ၊ ငါးဘာသာ၊ လေးဘာသာ ဂုဏ်ထူးရှင် ၂၈ဦးကို ဝန်ကြီးဌာနအစီအစဉ်ဖြင့် ဂုဏ်ပြုချီးမြှင့်ပေးခဲ့ပြီးဖြစ်သည်။ ယခု ဂုဏ်ပြုချီးမြှင့်ပွဲတွင် သုံးဘာသာ ခုနစ်ဦး၊ နှစ်ဘာသာ ၂၃ဦး၊ တစ်ဘာသာ ၆၂ဦးနှင့် ရိုးရိုးအောင်မြင်သူ ၄၁၆ဦးပါဝင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အလေးမနည်းစနစ်ဆိုင်ရာ ဆွေးနွေးပွဲ တက်ရောက်ရန်

နီပေါနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဩဂုတ် ၁

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့၌ ဩဂုတ် ၁ရက်မှ ၅ရက်အထိ ကျင်းပမည့် အာရှ အလေးမအဖွဲ့ချုပ်၏ အပြည်ပြည်ဆိုင်ရာ အလေးမသုတေသနတွေ့ရှိချက်များ ဟောပြောပွဲနှင့် နည်းစနစ်ဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ရန် အာရှအလေးမအဖွဲ့ချုပ် သိပ္ပံနှင့်သုတေသနကော်မတီဝင် မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးဦးမြင့်ဆွေ (လက်ထောက်ညွှန်ကြားရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန) **(ဓါတ်ပုံ)**သည် ဇူလိုင် ၃၀ရက် ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မီး

အစဉ် သတိပြု

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က နီးဘုရားလမ်း ကတ္တရာခင်း ဆောင်ရွက်နေမှုကို ဇူလိုင် ၁၆ရက်က မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော် ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

သစ်တောသစ်ပင် ဒို့ချစ်ခင်

နှစ်စဉ်စိုက်ပျိုး အလှတိုး

အိုဇုန်းလွှာ ကာကွယ်ရေးအထိမ်းအမှတ်

စာပို့တံဆိပ်ခေါင်း ရောင်စုံဒီဇိုင်းပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် ဩဂုတ် ၁

မြန်မာနိုင်ငံသည် အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း (Vienna Convention for the Protection of the Ozone Layer) အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်သည့်အားလျော်စွာ ကွန်ဗင်းရှင်း(၂၅)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် အိုဇုန်းလွှာကာကွယ်ရေးအထိမ်းအမှတ် စာပို့တံဆိပ်ခေါင်း (Ozone Commemorative Postage Stamp) ထုတ်ဝေရန်အတွက် စာပို့တံဆိပ်ခေါင်း ရောင်စုံဒီဇိုင်းပြိုင်ပွဲ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်များသည် မိမိတို့ပေးပို့ယှဉ်ပြိုင်လိုသည့် တံဆိပ်ခေါင်းရောင်စုံဒီဇိုင်းပုံကို လက်ဖြင့်ရေးဆွဲခြင်းဖြစ်ပါက မူရင်းရောင်စုံပုံကိုလည်းကောင်း၊ ကွန်ပျူတာဖြင့် ရေးဆွဲခြင်းဖြစ်ပါက ရောင်စုံဒီဇိုင်းပုံနှင့်အတူ Soft Copy ကို စီဒီဖြင့် ပူးတွဲ၍ လည်းကောင်း ပေးပို့ရမည်ဖြစ်ပြီး ဒီဇိုင်းရေးဆွဲသူ၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာအပြည့်အစုံ (ဖုန်းနံပါတ်အပါအဝင်)နှင့်တကွ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ရုံး သစ်တောရေးရာဝန်ကြီးဌာန ရုံးအမှတ် (၂၈) နေပြည်တော် ဆက်သွယ်ရန်ဖုန်း-၀၆၇-၄၀၅၃၈၆၊ ၀၆၇-၄၀၅၃၉၀ သို့ ဩဂုတ်၁၃ရက် နောက်ဆုံးထား၍ ပေးပို့ကြရန်နှင့် ပြိုင်ပွဲဝင်တစ်ဦးလျှင် ဒီဇိုင်းပုံအရေအတွက် သုံးပုံအထိ ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်း စာပို့တံဆိပ်ခေါင်းဒီဇိုင်းကို ကိုယ်တိုင်ရေးဆွဲကြောင်း ဝန်ခံချက်ပါရှိရမည်ဖြစ်ပြီး ရွေးချယ်ခံရသူအား ထိုက်တန်စွာ ဆုချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

မီးလုံခြုံရေးဆောင်ရွက်

တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီးနှင့်အဖွဲ့ ပလောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးအတွင်း ဈေးသန့်ရှင်းရေးနှင့် မီးဘေးလုံခြုံရေးကိစ္စရပ်များဆောင်ရွက်ထားရှိမှုကို ဇူလိုင် ၇ရက်က ကွင်းဆင်းစစ်ဆေးရာ မြို့နယ်တာဝန်ခံ ဦးဟုန်စိုး ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရုရှား၌ ကျည်ဆန်ရထားများ စတင်ပြေးဆွဲ

မော်စကို ဩဂုတ် ၁

ရုရှားနိုင်ငံတွင် မြန်နှုန်းမြင့်မောင်းနှင်နိုင်သည့် ကျည်ဆန်ရထားကို မော်စကိုမြို့အရှေ့ဘက် ကီလိုမီတာ ၄၀၀ အကွာရှိ စက်မှုမြို့ တစ်မြို့ဖြစ်သော နော့ဗ်ဂိုရော့မြို့မှ စိန့်ပီတာစဘတ်မြို့ခရီးစဉ်ကို ဇူလိုင်၃၀ရက်မှ စတင်ကာ ပြေးဆွဲခဲ့ကြောင်း အာရ်အိုင်အေသတင်းဌာနက သတင်းထုတ်ပြန်သည်။

မောင်းနှင်

ထို့အတူ ယင်းရထားပြေးဆွဲချိန်နှင့် တစ်ပြိုင်တည်း စိန့်ပီတာစဘတ်မြို့မှ ကျည်ဆန်ရထားတစ်စင်းလည်း နော့ဗ်ဂိုရော့မြို့သို့ မောင်းနှင်လာခဲ့ကြောင်း၊ ၎င်းမြို့ နှစ်မြို့အကြားခရီးအကွာအဝေးမှာ ကီလိုမီတာ ၁၁၀၀ ခန့်ရှိကြောင်း သိရသည်။

ကြာမြင့်

အဆိုပါ ကျည်ဆန်ရထားများကို ဂျာမနီနိုင်ငံမှ ဆီးမင်းကုမ္ပဏီက တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ စိန့်ပီတာစဘတ်မြို့နှင့် နော့ဗ်ဂိုရော့မြို့အကြား ခရီးမိုင် ကီလိုမီတာ ၁၁၀၀ ကို ကျည်ဆန်ရထား မောင်းနှင်ချိန် ၈ နာရီ မိနစ် ၂၀ ကြာမြင့်သည်ဖြစ်ရာ တစ်နာရီ ကီလိုမီတာ ၁၆၀ နှုန်း မောင်းနှင်နိုင်သည်။

ရုရှားနိုင်ငံတွင် ကျည်ဆန်ရထားများကို တိုးချဲ့ပြေးဆွဲသွားမည်ဖြစ်ရာ ၂၀၁၁ ခုနှစ်၌ စိန့်ပီတာစဘတ်နှင့် ဟယ်ဆင်စကီမြို့ခရီးကိုလည်း တိုးချဲ့ပြေးဆွဲသွားမည်ဖြစ်သည်။ **အမ်အင်န်အေဆင်ဟွာ**

အာဖဂန်နစ္စတန်သို့ နယူးဇီလန်တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်မည်

ဝယ်လင်တန် ဩဂုတ် ၁

အာဖဂန်နစ္စတန်နိုင်ငံ ယူရှုဂန်ပြည်နယ်သို့ နယူးဇီလန်ကာကွယ်ရေးတပ်ဖွဲ့ဝင် ကိုးဦးကို ရှစ်လကြာတာဝန်ထမ်းဆောင်ရန် စေလွှတ်မည်ဖြစ်ကြောင်း ဇူလိုင်၃၁ရက်က ကာကွယ်ရေးဝန်ကြီး ဝိန်းဖက်ပ်က ပြောကြားသည်။

အဆိုပါ တပ်ဖွဲ့ဝင်များကို စက်တင်ဘာလမှစတင်စေလွှတ်မည်ဖြစ်ပြီး စစ်ဘက်အရာရှိခုနစ်ဦးနှင့် ဆေးတပ်ဖွဲ့ဝင်နှစ်ဦး ပါဝင်သည်ဟု ဆိုသည်။

၎င်းတို့သည်အာဖဂန်နစ္စတန် တာရင်ခိုဲ့စ် အခြေစိုက်စခန်းရှိ နိုင်ငံတကာလုံခြုံရေးတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်) ပြည်နယ်ဌာနချုပ်တွင် ပူးပေါင်း တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။

အာဖဂန်အစိုးရနှင့် ပြည်သူများ၏ လုံခြုံရေးနှင့် ပြန်လည်တည်ဆောက်ရေးတွင် နေတိုးနှင့် နိုင်ငံတကာလုံခြုံရေးတပ်ဖွဲ့တို့နှင့်အတူ နယူးဇီလန်နိုင်ငံမှ ပါဝင်လက်တွဲ ဆောင်ရွက်မည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး ဖက်ပ်က ပြောကြားသည်။ **အမ်အင်န်အေဆင်ဟွာ**

ဂျပန်နိုင်ငံ ရီဟာမာတက္ကသိုလ်မှ ပညာရှင်များထုတ်လုပ်လိုက်သည့် အိမ်တွင်းမှု လုပ်ငန်းများဆောင်ရွက်နိုင်သော စက်ရုပ်ကို ဩဂုတ်၁ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

လွန်ခဲ့သည့် နှစ်၁၅၀ခန့်က နစ်မြုပ်သင်္ဘော ကနေဒါ ကမ်းလွန်ရေအောက်၌ ပြန်တွေ့

တိုရွန်တို ဩဂုတ် ၁

လွန်ခဲ့သောနှစ်ပေါင်း ၁၅၀ခန့်က ပျောက်ဆုံးသွားခဲ့သည့် သင်္ဘောတစ်စင်းကို ကနေဒါနိုင်ငံ ကမ်းလွန်ပင်လယ်ကြမ်းပြင်တစ်နေရာ၌ ကနေဒါ သုတေသနပညာရှင်များက ပြန်လည် ရှာဖွေတွေ့ရှိခဲ့ကြောင်း ဇူလိုင် ၃၀ရက်၌ သတင်းထုတ်ပြန်သည်။

နစ်မြုပ်

ယင်းသင်္ဘောမှာ လွန်ခဲ့သော ၁၈၅၃ ခုနှစ်က ကနေဒါကမ်းလွန်တွင် ရေခဲပြင်များအကြား ပိတ်မိခဲ့ပြီးနောက် နစ်မြုပ်ပျောက်ဆုံးခဲ့သော သင်္ဘောဖြစ်ကြောင်း ၎င်းတို့ကပြောကြားသည်။

တွေ့ရှိ

၎င်းသင်္ဘောကို ကနေဒါနိုင်ငံ အနောက်ပိုင်း ဘင့်ခ်ကျွန်းစုမြောက်ဘက် ပင်လယ်ကြမ်းပြင်၌ တွေ့ရှိရခြင်းဖြစ်ပြီး ထိခိုက်ပျက်စီးမှုအနည်းငယ်မှလွဲပြီး နဂိုမူလအတိုင်း နစ်မြုပ်တည်ရှိနေကြောင်း တွေ့ရှိခဲ့ကြသည်။ သင်္ဘောပေါ်တွင် သင်္ဘောသားသုံးဦး၏ အရိုးစုများကိုလည်း တွေ့ရှိကြရသည်။ **(အင်တာနက်)**

ပျက်စီး

ဘဂ္ဂဒက်မြို့၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဩဂုတ် ၁ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ရွှေခြင်္သေ့ဆုအတွက် တရုတ်ရုပ်ရှင်ကား ဆန်ခါတင်အရွေးခံရ

ပေကျင်း ဩဂုတ် ၁

(၆၇)ကြိမ်မြောက် ဗင်းနစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်၏ရွှေခြင်္သေ့ဆုအတွက် ဆန်ခါတင်ရွေးချယ်သည့်ရုပ်ရှင် ဇာတ်ကားများအနက်မှ Detective Dee တရုတ်ရုပ်ရှင်ဇာတ်ကား ရွေးချယ်ခံရကြောင်း တရုတ်အရာရှိများက ဩဂုတ် ၁ရက်၌ သတင်းထုတ်ပြန်သည်။

တစ်ကားတည်း

ယခုနှစ် ရွှေခြင်္သေ့ဆုအတွက် တရုတ်စကားပြော ရုပ်ရှင်ဇာတ်ကားများအနက် ယင်းရုပ်ရှင်ဇာတ်ကား တစ်ကားတည်းသာ ဆန်ခါတင်ရွေးချယ်ခံရခြင်းဖြစ်ကြောင်းလည်း ဗင်းနစ်နိုင်ငံတကာ ရုပ်ရှင်ပွဲတော် ကျင်းပရေး တာဝန်ရှိသူများက ပြောကြားသည်။

(၆၇)ကြိမ်မြောက်ဗင်းနစ်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်ကို လာမည့်စက်တင်ဘာလ၌ ကျင်းပမည်ဖြစ်သည်။ **အမ်အင်န်အေဆင်ဟွာ**

ဘဂ္ဂဒက်၌ဗုံးပေါက်ကွဲ၊ လေးဦးသေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ပိုင်းတွင်ဩဂုတ် ၁ရက်နံနက် ၁၀နာရီခန့်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ လေးဦးသေဆုံးပြီး ၁၀ဦးခန့် ဒဏ်ရာရရှိခဲ့ကြောင်း ဘဂ္ဂဒက်လုံခြုံရေးအရာရှိများက ပြောကြားသည်။

ပေါက်ကွဲ

ယင်းဗုံးမှာ ဘဂ္ဂဒက်မြို့မြောက်ပိုင်း လူစည်ကားရာလမ်းမကြီးဘေးရှိ မော်တော်ယာဉ်တစ်စီးအနီးပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ဗုံးပေါက်ကွဲမှုကြောင့် အနီးရှိမော်တော်ယာဉ် ခြောက်စီးခန့်ပျက်စီးခဲ့သည်။ အီရတ်နိုင်ငံတစ်ဝန်းတွင် ပြီးခဲ့သည့် ဇူလိုင်တစ်လတည်း၌ပင် ဗုံးပေါက်ကွဲမှုများကြောင့် အရပ်သား ၅၃၅ဦးသေဆုံးပြီး ၁၀၀၀ခန့် ဒဏ်ရာရရှိခဲ့သည်။ **(အင်တာနက်)**

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

ဖိလစ်ပိုင်တောင်ပိုင်း၌ ရေလွှမ်း

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဘူလာလို၊ ဘာနူဘို၊ ကာတူလီ၊ ကယ်ဆာဒါ၊ လမ်ဘိုနှင့် ဆာလမ်ဘောကျေးရွာများတွင် မိုးသည်းထန်ပြီး ရေလွှမ်းမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ဩဂုတ် ၁ရက်က သတင်းထုတ်ပြန်သည်။

မိုင်းတွင်း၌ ပိတ်မိနေသူများအား ကယ်ဆယ်

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ဟေလုံကျန်ပြည်နယ် ကျီစီမြို့အနီး မိုင်းတွင်း၌ ဩဂုတ် ၁ရက်က ရေများစီးဝင်ပြီး မိုင်းလုပ်သားများပိတ်မိနေခဲ့ရာ အလုပ်သမား၂၃ဦးကို မိုင်းတွင်းမှကယ်ထုတ်နိုင်ခဲ့ကြောင်း တရုတ်အရာရှိများက ဩဂုတ် ၁ရက်၌ သတင်းထုတ်ပြန်သည်။

ကိုင်ရိုမြို့၌ လေးထပ်အဆောက်အအုံပြိုကျ

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့မြောက်ပိုင်းတွင် ဩဂုတ် ၁ရက်က လူနေ လေးထပ်အဆောက်အအုံ ရုတ်တရက်ပြိုကျခဲ့ရာ သုံးဦးသေဆုံးပြီး အချို့ဒဏ်ရာရရှိခဲ့ကြောင်း ကိုင်ရိုမြို့ရဲတပ်ဖွဲ့က ပြောကြားသည်။

ရုရှား၌ ဗုံးတစ်လုံး အချိန်မီဖယ်ရှားနိုင်ခဲ့

ရုရှားနိုင်ငံမြောက်ပိုင်း ကီဇီယက်ခရိုင် နိုဗိုစူလက်ခ်ကျေးရွာတွင် ဩဂုတ် ၁ရက်က ထောင်ထားသော ဗုံးတစ်လုံးကို ရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိပြီး စနက်တံကိုဖြုတ်ကာ အချိန်မီ ဖယ်ရှားနိုင်ခဲ့ကြောင်း ရုရှားအရာရှိများက သတင်းထုတ်ပြန်သည်။

ဖိလစ်ပိုင်၌ လေယာဉ်မှူးလုံလောက်မှုမရှိ

ဖိလစ်ပိုင်နိုင်ငံ လေကြောင်းလိုင်းများအတွက် လေယာဉ်မှူးများ မလုံလောက်သဖြင့် လေယာဉ်ခရီးစဉ် ၁၁ ခုကို ဖျက်သိမ်းထားရကြောင်း၊ လေကြောင်းခရီးသွားများ အခက်အခဲကြုံတွေ့ရလျက်ရှိကြောင်း ဖိလစ်ပိုင်လေကြောင်းအရာရှိများက ဩဂုတ် ၁ရက်၌ သတင်းထုတ်ပြန်သည်။

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းတန့်နေ

ကမ္ဘာ့ဈေးကွက်တွင် ရွှေဈေးနှုန်းများ တန့်လျက်ရှိရာ အမေရိကန်နိုင်ငံ နယူးယောက်မြို့နှင့် ချီကာဂိုမြို့ ဈေးကွက်များ၌ ဩဂုတ် ၁ရက်က ရွှေတစ်အောင်စလျှင် ၁၁၈၃ဒသမ ၉ဒေါ်လာ ရှိနေကြောင်း အမေရိကန်အရာရှိများက ပြောကြားသည်။

အဲဘတ်စ်အေ-၃၂၀ လေယာဉ် အမှာစာများပြား

အဲဘတ်စ်အေ-၃၂၀ ခရီးသည်တင်လေယာဉ်များ ဝယ်လိုအားမြင့်တက်လျက်ရှိရာ နိုင်ငံတကာ လေကြောင်းလိုင်းများအတွက် ၂၀၁၂ခုနှစ်၌ လေယာဉ်အစင်းရေ ၄၀ ထုတ်လုပ်ပေးရန် အမှာစာများလက်ခံရရှိထားကြောင်း အဲဘတ်စ်အေ-၃၂၀ ကုမ္ပဏီက ဩဂုတ် ၁ရက်၌ သတင်းထုတ်ပြန်သည်။

ပစိဖိတ်ကျွန်းများဖိုရမ် ကျင်းပမည်

(၄၁)ကြိမ်မြောက် ပစိဖိတ်ကျွန်းများ ဖိုရမ်ကို ဗင်နွာတူနိုင်ငံ ပို့ဗီရယ်မြို့၌ ဩဂုတ် ၃ရက်မှ ၆ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း ဗင်နွာတူအရာရှိများက ဩဂုတ် ၁ရက်၌ သတင်းထုတ်ပြန်သည်။

ဆက်သွယ်ရေးဂြိုဟ်တု တရုတ်လွှတ်တင်

တရုတ်နိုင်ငံ စီချွမ်ပြည်နယ် အနောက်တောင်ပိုင်း စီကျန်ဂြိုဟ်တု လွှတ်တင်ရေးစခန်းမှနေ၍ ဩဂုတ် ၁ရက် နံနက် ၅နာရီခွဲက ဆက်သွယ်ရေး ဂြိုဟ်တုအသစ်တစ်လုံး လွှတ်တင်လိုက်ကြောင်း တရုတ်အရာရှိများက သတင်းထုတ်ပြန်သည်။ ။

(အောက်ပုံ) (အင်တာနက်)

မောင်ကျော်ကျော်စိုး B.A (Eco)

နှင့်

မအိအိပိုင် B.A (Eco)

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးတင်မိုးကျော်၏ နိုင်ငံကူးလက်မှတ်-၁၈၆၀၆၄သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။
ဖုန်း ၀၁-၇၃၀၀၈၃၀၀။

အမည်ပြောင်းလဲခေါ်ပါရန်

အဖ ဦးမျိုးမြင့်နိုင် ၁၂/ မရက (နိုင်)၀၆၅၅၆၄ ၏သမီး မသင်းသင်းနိုင်အား မဟန်စုနိုင်ဟု အမည်ပြောင်းလဲခေါ်ပါရန်။

အစကောင်းကြိုက်သူများအတွက်

သင်

3% Discount

ယာဉ်မှတ်ပုံတင်လျှောက်ထားခြင်း

ယာဉ်အမှတ် ကတ/၄၄၄၀ Honda Dream C 100p မော်တော်ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းရွှက် ၁၃/ ကတန (နိုင်)၀၈၈၅၅၄က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး၊ ကျိုင်းတုံ။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ဝင်းထွန်းကိုင်ဆောင်သော နိုင်ငံသားမှတ်ပုံတင်အမှတ် ၁၃/လရန(နိုင်) ၁၃၂၈၀၆ ပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၂၁၉၀၁။

သင့်သွေးဖြင့် အသက်ကယ်ပါ

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မိတ္ထီလာမြို့၊ ကျီတော်ကုန်းရပ်ကွက်နေ ကျွန်တော် ကျွန်မတို့၏သားဖြစ်သူ မောင်တေဇချိုထွန်း ၉/မထလ(နိုင်)၂၀၁၀၄၉ သည် မိဘ၊ ဆွေမျိုးများ၏ ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး မိမိဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ငွေနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

မိဘများ
ဦးချိုထွန်း-ဒေါ်သန်းသန်းနွဲ့။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၂ ခုနှစ်
ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်
(အဖိတ်နေ့)
၂-၈-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အဂ္ဂဇယမင်္ဂလာ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို၊ မျိုးနွယ်ဆွေ)
၇း၅၀ ၅။ ယဉ်ကျေးမှုအနုလက်ရာ စုံစွာ ဘုရားအာနန္ဒာ
၈း၀၀ ၆။ သံသာချိုအေး မင်္ဂလာတေး
၈း၁၀ ၇။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၈း၂၀ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၂၅ ၉။ ပြဒါးသေတစ်ဆွေ၀၊ သံသေ တစ်ပြည်၀
၈း၃၀ ၁၀။ တေးဂီတအစီအစဉ်
၈း၄၀ ၁၁။ International News
၈း၄၅ ၁၂။ တေးဂီတအစီအစဉ်
၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၁၅ ၃။ အကပဒေသာ
၄း၂၅ ၄။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၄း၃၅ ၅။ ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန ဆဋ္ဌမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (ဒုတိယဆု)(အထက-၆၊ ဗိုလ်တထောင်၊ အမျိုးသားဝတ်ရွတ်အဖွဲ့)
၄း၅၅ ၆။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (မြန်မာစာ အထူးပြု) (မြန်မာစာ)
၅း၁၀ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၅ ၈။ စိမ်းစိုလန်းဆန်းအံ့မခန်း ရတနာတန်းဝင် ကျွန်းသစ်ပင်
၅း၂၀ ၉။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၂။ ဆိုကြမယ်၊ ပျော်ကြမယ်
၇း၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **မဟာဆန်သူ… ကိုယ့်ချစ်သူ** (အပိုင်း-၄)
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ သွေး(အေဝမ်းစိုးမြင့် အဖွဲ့၊ တေးရေး-ကိုညွန့်ဝေ၊ မောင်ထွန်းမင်း)
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ်** (ဒုတိယပိုင်း) (အပိုင်း-၁၄)
၁၉။ သုခုမရင်ပြင်
၂၀။ အစီအစဉ်ပြီး၏။

နေပြည်တော် မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(တနင်္လာနေ့-နံနက်+နေ့လယ်+ည)
၃-၈-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅ တရားတော် **(ပုဗ္ဗဏှသုတ်)** ဥပုသ်နေ့နှိုးဆော်ချက်
၇း၃၀ ဓမ္မပူဇာတေး (၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန်+သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ ပြောပါရစေရှင် (မွေ့ချိုထားပါရစေ)
၈း၄၀ တေးပဒေသာ
၈း၅၀ နဝင်္ဂသီလပေးတရားတော် (ဘဒ္ဒန္တ ဂုဏောသန)
၁၀း၀၀ မွေးနေ့လက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၀း၄၅ ခံတွင်းမြိန်စရာ သူ့လက်ရာ (ငါးနီတူခြောက်သုပ်နဲ့ မျှစ်ဆတ်ရွှေဖရုံညွှန့်ဟင်းချို)
၁၀း၅၅ တေးသီချင်း
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅ Talk on Line (ဘိုဘို)
၁၁း၅၀ တေးပဒေသာ
၁၂း၀၀ စံတော်ချိန် Current Song တေးပဒေသာ
၁၂း၄၀ ပြုံးပဒေသာ (ရယ်ရတယ်နော်-၂)
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ ပညာရေးအစီအစဉ် (အလယ်တန်းရသပညာ) တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့် တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၃၀ သောတရှင်လိုရာတေး
၁၇း၀၀ မေတို့တွက်တာ အလှကမ္ဘာ (အစက်အပြောက်ကင်းစွာ လှပစေရာ)
၁၇း၁၀ တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ညနေခင်းတေးပဒေသာ
၁၇း၄၅ ထူးဆန်းထွေလာ ဤမြေကမ္ဘာ အမှတ်စဉ်(၅၁)
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ ညနေခင်းတေးပဒေသာ
၁၈း၃၀ စာအုပ်စာပေလူ့မိတ်ဆွေ
၁။ သံဝေဇနိယလေးဌာန မှတ်တမ်းနှင့်အလွမ်း (ဘဒ္ဒန္တဝေဠုရိယ)
၂။ မြတ်နိုးဖွယ်ရာ ပြည်မြန်မာ (ဒေါက်တာဦးဖေဘုဏ်)
၁၈း၄၅ ချိုချစ်ဖွယ်အင်္ဂလိပ် တေးသီချင်းကဏ္ဍ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၁၀ ဇာတ်လမ်းပမာ နားဆင်စရာ (လွှန်းမတင်သည့်ကြိုး)
၁၉း၃၀ သူ့ခေတ်သူ့အခါ တေးကမ္ဘာ
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ တေးစီးရီး (Melody World-Vol-2) စီးပွားရေးဦးတည်ချက် တေးပဒေသာ
၂၁း၀၀ ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၁း၅၀ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ တရားတော်
၂၂း၀၀ အစီအစဉ်ပြီး၏။

မြန်မာအမျိုးသမီးများနေ့အခမ်းအနား ကျောက်မဲ၌ကျင်းပ

ကျောက်မဲ ဩဂုတ် ၁

ကျောက်မဲမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို ဇူလိုင် ၃ရက်က ကျောက်မဲမြို့ မေတ္တာမွန်ခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ကျောက်မဲခရိုင် အမျိုးသမီးရေးရာကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်လွင်လွင်မော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝေဝေသန်း **(အပေါ်ပုံ)**က မြန်မာအမျိုးသမီးများနေ့ ဖြစ်ပေါ်လာပုံ အကြောင်းကို ရှင်းလင်းတင်ပြသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်ပြီး အထက(၁)မှ အထက်တန်းပြဆရာမ ဒေါ်လှကေသီက ဂုဏ်ယူစရာ မြန်မာအမျိုးသမီးများ ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပြီး ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ အမှတ်အများဆုံးဖြင့် ပထမရရှိသူ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်ဦးတည်း ခြောက်ဘာသာဂုဏ်ထူးရရှိသူနှင့် ဘာသာရပ်အလိုက် ဂုဏ်ထူးရရှိသူများ၊ အခြားထူးချွန်အမျိုးသမီးများအား ခရိုင်အမျိုးသမီးရေးရာ ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်လွင်လွင်မော်၊ အဖွဲ့ဝင် ဒေါ်ဝင်းနီလာမော်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝေဝေသန်းနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(မြို့နယ် ပြန်/ ဆက်)**

ကံထူးရှင်ရွေးချယ်

ရန်ကုန် ဩဂုတ် ၁

ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေ သိန်းဆုဌာနခွဲ၏ (၂၅၉)ကြိမ်မြောက် အောင်ဘာလေ သိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသောဆုကြီးများမှာ အောက်ပါအတိုင်း ဖြစ်သည်-

ကျပ်သိန်း (၁၀၀၀)ဆု
ဏ-၂၆၀၉၀၁

ကျပ်သိန်း (၅၀၀)ဆု
ဓ-၈၅၀၁၃၆

ကျပ်သိန်း (၃၀၀)ဆုများ
တ-၃၁၉၃၁၅
တ-၁၇၃၅၄၄

ကျပ်သိန်း (၂၀၀)ဆုများ
ဆ - ၈၃၃၆၅၉ ဒ - ၁၄၆၅၃၅
ည - ၉၃၁၆၃၉ ဋ - ၉၅၃၂၈၅
န-၇၀၇၀၂၇

ကျပ်သိန်း (၁၀၀) (မင်္ဂလာစုံတွဲစနစ်)ဆုမဲများ
ပ - ၄၀၃၅၈၉ ဋ -၁၉၆၂၅၆
ဍ - ၄၆၈၉၈၈ ဒ -၄၇၆၄၃၈
ပ - ၃၁၆၇၈၇ ဋ -၇၂၉၄၉၆
ဋ - ၇၀၅၉၃၇ ပ -၉၃၁၂၄၂
ဆ - ၈၁၁၉၇၀ ဂ -၆၃၂၉၉၂
ပ - ၄၂၄၂၂၀ ပ -၆၅၁၂၂၉
င-၄၁၂၃၅၄

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁-၈-၂၀၁၀

နေပြည်တော် (ပျဉ်းမနား)	၁ ဒသမ ၃၀လက်မ
နေပြည်တော်(လေဆိပ်)	၁ ဒသမ ၂၆လက်မ
တောင်တွင်းကြီး	၁ ဒသမ ၂၆လက်မ
ကျောက်ဖြူမြို့	၃ ဒသမ ၁၆လက်မ
မောင်တောမြို့	၂ ဒသမ ၇၆လက်မ
ထီးလင်းမြို့	၂ ဒသမ ၄၂လက်မ
မချမ်းဘောမြို့	၂ ဒသမ ၄၀လက်မ
ဟသ်ာတမြို့	၂ ဒသမ ၄၀လက်မ
ပူတာအိုမြို့	၂ ဒသမ ၂၈လက်မ
မုံရွာမြို့	၁ ဒသမ ၁၆လက်မ
မကွေးမြို့	၁ ဒသမ ၁၄လက်မ

(၂၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲများ ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် ဩဂုတ် ၁

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်တို့ ပူးပေါင်း ကျင်းပသော ၂၀၁၀ခုနှစ် (၂၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စားပွဲတင် တင်းနစ်ပြိုင်ပွဲ၏ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲနှင့် အမျိုးသား အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် စားပွဲတင်တင်းနစ်အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

အနိုင်ရဗိုလ်စွဲ

ပြိုင်ပွဲ၏ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်တွင် ဆွေဆွေဟန် (ရန်ကုန်တိုင်း)က စုစုခင် (ရန်ကုန်တိုင်း)ကို လေးပွဲ-နှစ်ပွဲဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။

အမျိုးသား နှစ်ယောက်တွဲ ဗိုလ်လုပွဲ ပွဲစဉ်တွင် လှမျိုးခိုင်နှင့် ကျော်မြင့်ခိုင် (ရန်ကုန်တိုင်း)က သက်ကိုကိုလတ်နှင့် ဝင်းညီအောင် (မွန်ပြည်နယ်)အတွဲကို သုံးပွဲ-ပွဲမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။

အမျိုးသမီး နှစ်ယောက်တွဲ ဗိုလ်လုပွဲ ပွဲစဉ်တွင် ဆွေဆွေဟန်နှင့်စုစုခင် (ရန်ကုန်တိုင်း)က လှလှဝင်းနှင့် ခင်နွဲ့စန်း (ရန်ကုန်တိုင်း) အတွဲကို သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။

အမျိုးသား အမျိုးသမီးနှစ်ယောက်တွဲ ဗိုလ်လုပွဲ ပွဲစဉ်တွင် ကျော်မြင့်ခိုင်နှင့် မလှလှဝင်း (ရန်ကုန်တိုင်း) အတွဲက လှမျိုးခိုင်နှင့်မဆွေဆွေဟန် (ရန်ကုန်တိုင်း)အတွဲကို သုံးပွဲ-ပွဲမရှိဖြင့် အနိုင်ရရှိကာ ဗိုလ်စွဲသွားသည်။

ဩဂုတ် ၂ရက် နံနက် ၁၀ နာရီတွင် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယင်းအားကစားပြိုင်ပွဲရုံ၌ပင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ပညာရေးကောလိပ်များ၏ ရေကူးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)နှင့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ပညာရေးကောလိပ်များ၏ ရေကူးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်၁၁နာရီတွင် ရန်ကုန်မြို့ အင်းလျားလမ်းရှိ တက္ကသိုလ်ရေကူးကန်၌ ကျင်းပသည်။

ဗိုလ်လုပွဲများအပြီးတွင် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ပထမဆုရရှိသော ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ရေကူးအသင်းအား ဆုဖလားနှင့် ဂုဏ်ပြုဆုငွေကိုပေးအပ်ပြီး တာဝန်ရှိသူများက ပြိုင်ပွဲအသီးသီးတွင် ဆုရရှိကြသော အသင်းများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(သတင်းစဉ်)**

ပြည်မြို့ ရွှေဝါမြေကျေးရွာ၌ မိတ်ဆွေစစ်စာကြည့်တိုက်ဖွင့်

ပြည် ဇူလိုင် ၃၀

ပြည်မြို့နယ် ကြခတ်ကျေးရွာအုပ်စု ရွှေဝါမြေကျေးရွာ မိတ်ဆွေစစ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇူလိုင် ၂၅ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်အဆောက်အအုံရှေ့၌ ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ပဲခူးတိုင်း(အနောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်အောင်ညွန့်က ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးလုပ်ငန်းစဉ်များကိုလည်းကောင်း၊ စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ဦးဇော်ဝင်းက စာကြည့်တိုက်ဖြစ်ပေါ်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ပုံကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

လှူဒါန်း

ဆက်လက်၍ ပြည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးမြင့်က စာကြည့်တိုက်ငွေပဒေသာပင်ရန်ပုံငွေ ကျပ်နှစ်သိန်း၊ တိုင်းဦးစီးမှူး ဦးတင်အောင်ညွန့်က စာအုပ်စာစောင် မျိုးစုံ အုပ် ၂၀၀ကိုလှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူသည်။

ထို့နောက် တိုင်းဦးစီးမှူး ဦးတင်အောင်ညွန့်၊ ပြည်မြို့နယ်ဥက္ကဋ္ဌ ဦးစိုးမြင့်၊ စာကြည့်တိုက် ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမြင့်ကြည်တို့က စာကြည့်တိုက်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(မြို့နယ် ပြန်/ဆက်)**

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော် မိုးကုတ်မြို့၌ကျင်းပ

မိုးကုတ် ဇူလိုင် ၂၈

ပြင်ဦးလွင်ခရိုင် မိုးကုတ်မြို့နယ်တွင် ၂၀၁၀ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို မြို့နယ်သစ်တောဦးစီးဌာနက ကြီးမှူး၍ ဇူလိုင် ၁ရက် နံနက် ၈နာရီခွဲက မိုးကုတ်-မိုးမိတ်ကားလမ်း မိုင်တိုင်အမှတ်(၄/၂) အနီး၌ ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် ပထမဦးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးဝင်းဇော်က စိုက်ပျိုးမည့်သစ်ပင်များကို ဌာနဆိုင်ရာနှင့် အသင်းအဖွဲ့တာဝန်ခံများထံ ပေးအပ်သည်။

စိုက်ပျိုး

ယင်းနောက် ဗိုလ်မှူးကြီးဝင်းဇော်က စိန်ပန်းပင်နှင့် **(အောက်ပုံ)** မြို့နယ်ဥက္ကဋ္ဌ ဦးနေအောင်က ယူကလစ်ပင်တို့ကို စတင်စိုက်ပျိုးကြပြီး အခမ်းအနားတက်ရောက်လာသူများက စိန်ပန်းပြာ၊ ထင်းရှူးနှင့် ယူကလစ်ပင် စုစုပေါင်းအပင် ၃၀၀၀ ကို စိုက်ပျိုးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ဟောပြောပွဲ ဆိပ်ဖြူမြို့နယ်၌ကျင်းပ

ဆိပ်ဖြူ ဇူလိုင် ၂၆

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဆိပ်ဖြူမြို့ အခြေခံပညာအထက်တန်းကျောင်း နဝရတ်ခန်းမ၌ ဇွန် ၂၆ရက် နံနက် ၇နာရီက ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သူရက ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ သဝဏ်လွှာကို ဖတ်ကြားပြီး မြို့နယ်တရားသူကြီး၊ မြို့နယ်ဥပဒေအရာရှိ၊ မြို့နယ်ဆရာဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အမှုစစ်ရဲအရာရှိနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး တို့က မူးယစ်ဆေးဝါးဆိုင်ရာ သိကောင်းစရာများကို ဟောပြောကြသည်။

ခင်းကျင်းပြသ

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နံရံကပ်၊ ဓာတ်ပုံနှင့် စာအုပ်ပြပွဲများကို ခင်းကျင်းပြသထားသည်။ (ဝဲပုံ)

(မြို့နယ် ပြန်/ဆက်)

မူလတန်းကြိုကျောင်း အဆင့်မြှင့်ပြုပြင်ရေး နေပြည်တော်တပ်ကုန်း၌ ထောက်ပံ့ငွေပေးအပ်

နေပြည်တော် ဩဂုတ် ၁

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)မှ နေပြည်တော်တပ်ကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် မူလတန်းကြိုကျောင်း အဆင့်မြှင့်ပြုပြင်ရန် ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို ဇူလိုင် ၂၃ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နီလာသော်က အမှာစကားပြောကြားပြီးမြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ နေပြည်တော်တပ်ကုန်းမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းပိုင် မူလတန်းကြိုကျောင်း အဆင့်မြှင့်ပြုပြင်ရန် ထောက်ပံ့ငွေကျပ် ၅၀၂၂၄၀ ကို ဥက္ကဋ္ဌ ဒေါ်နီလာသော်က ပေးအပ်ရာ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဌေးဌေးအောင်က လက်ခံယူသည်။

လက်ခံ

ဆက်လက်၍ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်ဝေဝေသာက အလှူငွေကျပ် ၁၅၀၀၀၀၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အလှူငွေကျပ် ၅၁၃၄၀၀၊ နေပြည်တော်တပ်ကုန်းမြို့နယ် အောင်ဇေယျရပ်ကွက်နေ ဦးကိုကြီး-ဒေါ်ခင်သန်းနု(နေခြည်ပွင့်ကုမ္ပဏီရွှေသတ္တုတူးဖော်ရေး)က အလှူငွေကျပ် ၂၀၀၀၀၀၊ မြဝတီရပ်ကွက်နေ ဦးကြည်ထွန်း-ဒေါ်အုန်းမြင့်(အနန္တဂုဏ်ကွမ်းရောင်းဝယ်ရေး)က အလှူငွေကျပ်၁၀၀၀၀၀၊ မြို့နယ်ကုန်သည်ကြီးများအသင်းက အလှူငွေကျပ်၅၀၀၀၀၊မြဝတီရပ်ကွက်နေဒေါ်ခိုင်မိသားစု(ရွှေမင်းရွှေဆိုင်)က အလှူငွေကျပ် ၅၀၀၀၀၊ အောင်ဇေယျရပ်ကွက်နေဒေါ်အမာစိန်(ရတနာမိုးရွှေဆိုင်)က အလှူငွေကျပ်၅၀၀၀၀၊ မြဝတီရပ်ကွက်နေဦးစိန်ဝင်း-ဒေါ်ကျင်သန်း(မျိုးကျော်ကျော်မြေပဲပွကြော်)က အလှူငွေကျပ် ၃၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ အလှူငွေများကို နေပြည်တော်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းခိုင်၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်မျိုးမျိုးကျော်နှင့်အတွင်းရေးမှူး ဒေါ်ခင်မာချိုတို့က လက်ခံယူသည်။

(ဝ၉၁)

မြို့နယ် သတင်း ထွေလာ

မြန်မာအမျိုးသမီးများနေ့ ကျောက်မဲ၌ကျင်းပ

ကျောက်မဲ ဇူလိုင် ၂၆

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင်၃ရက်က ကျောက်မဲမြို့ မေတ္တာမွန်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ကျောက်မဲခရိုင် အမျိုးသမီးရေးရာကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်လွင်လွင်မော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝေဝေသန်းက မြန်မာအမျိုးသမီးများနေ့ ဖြစ်ပေါ်လာပုံအကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်လှကေသီက ဂုဏ်ယူစရာ မြန်မာအမျိုးသမီးများနေ့ ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပြီး ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ အမှတ်အများဆုံးဖြင့် ပထမဆုရရှိသူ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ တက္ကသိုလ်ဝင်စာမေးပွဲတွင်တစ်ဦးတည်း ခြောက်ဘာသာဂုဏ်ထူးရှင်နှင့် ဘာသာရပ်အလိုက်ဂုဏ်ထူးရရှိသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ **(အမျိုးသမီးရေးရာ)**

စာကြည့်တိုက်ဆောက်လုပ်မည့်မြေနေရာ လင်းခေးခရိုင်၌ ကွင်းဆင်းကြည့်ရှု

လင်းခေး ဇူလိုင် ၂၈

လင်းခေးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဆွေသည် မောက်မယ်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသက်ဦးဆွေ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအယ်လ်စိုးထန်တူး၊ မြို့နယ်ဦးစီးမှူး ဒေါ်နန်းသန္တာဦး၊ မောက်မယ်မြို့နယ် မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးလှဝင်း၊ ကျေးရွာ ဥက္ကဋ္ဌ ဦးဘောဂတို့နှင့်အတူ ဇူလိုင် ၂၄ ရက် ညနေ ၃ နာရီက မောက်မယ်မြို့နယ် ရွာသစ်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဆောက်လုပ်မည့် မြေနေရာကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ လင်းခေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအယ်လ်စိုးထန်တူးသည် မောက်မယ်မြို့နယ်ရုံးသို့ သွားရောက်၍ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများအား တွေ့ဆုံကာ ဌာနလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီပြီးစီးရေး ဆောင်ရွက်ရန် ရှင်းလင်းဆွေးနွေးသည်။

(ခရိုင် ပြန်/ဆက်)

မြန်မာအမျိုးသမီးများနေ့ အခမ်းအနား ဟိုပန်မြို့၌ကျင်းပ

ဟိုပန် ဇူလိုင် ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံခရိုင် ဟိုပန်မြို့၌ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက်၉နာရီက အခြေခံပညာအထက်တန်းကျောင်း စာမဟာခန်းမ၌ကျင်းပရာ ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းစိန်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝင်းက မြန်မာအမျိုးသမီးများအကြောင်း သိကောင်းစရာများကို ဟောပြောသည်။

ဂုဏ်ပြုဆုများချီးမြှင့်

ထို့နောက် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ဂုဏ်ပြုဆုချီးမြှင့်ခြင်းကို ဆက်လက်ကျင်းပရာ (၃၆)ကြိမ်သွေးလှူဒါန်းခဲ့သည့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ တပ်ခွဲမှူး ဒေါ်နန်းခမ်းပန်အားလည်းကောင်း၊ ၂၀၀၉-၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို (ဟိုပန်စာစစ်ဌာန)မှ ဂုဏ်ထူးသုံးဘာသာ ရရှိအောင်မြင်သည့် မသင်းသဇင်အားလည်းကောင်း၊ မြန်အမျိုးသမီးများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ပထမဆုရ မယော့နွမ်းပိုင်နပ်အားလည်းကောင်း မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝင်း၊ အဖွဲ့ဝင် ဒေါ်နန်းခင်နှင်းအေးနှင့် ဒေါ်နန်းအေးအမ်တို့က ဂုဏ်ပြုဆုငွေများ ချီးမြှင့်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ကယားပြည်နယ် လွိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် ပေ ၇၀၀x၁၂ပေရှိ ဗိုလ်ဗထူးလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇူလိုင် ၁၁ ရက်က ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဝင်းမောင် ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့်အဖွဲ့ ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးအတွင်း မီးဘေးလုံခြုံရေးအတွက် ဆောင်ရွက်ထားသော အမြင့်တင်ရေစင်မှ ရေအလွယ်တကူရရှိမှု ရှိမရှိကို ဇူလိုင်၆ရက်က ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာဦးသန်းထွန်းဝင်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား Andhra Pradesh ပြည်နယ်အုပ်ချုပ်ရေးမှူးက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဩဂုတ် ၁

အိန္ဒိယသမ္မတနိုင်ငံ Hyderabad မြို့၌ ရောက်ရှိနေသော ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် တို့အား အိန္ဒိယသမ္မတနိုင်ငံ Andhra Pradesh ပြည်နယ်အုပ်ချုပ်ရေးမှူးက ဇူလိုင် ၂၈ရက် ညပိုင်းတွင် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ပြောကြား

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ည ၈နာရီတွင် ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံမည့် Hyderabad မြို့ရှိ Raj Bhavan သို့ရောက်ရှိကြရာ ပြည်နယ်အုပ်ချုပ်ရေးမှူး Mr.E.S.L Narasimlam နှင့် ဇနီးတို့က လှိုက်လှဲခင်မင်စွာ ကြိုဆို၍ ဧည့်ခန်းဆောင်၌ နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များအား ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့်ဇနီးတို့က Jubilee Hall ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။ **(ယာပုံ)**

(သတင်းစဉ်)